မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၄၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၆ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ဝန်ကြီးအဖွဲ့သစ်အား ဦးဆောင်တာဝန်ယူ ဆောင်ရွက်သော စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မြို့ပြည်သူများ ဟင်းသီးဟင်းရွက်နှင့် သားငါးများ လွယ်ကူစွာစားသုံးနိုင်ရေး အထူးဇုန်များထူထောင်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေ စိုက်ပျိုးမွေးမြူသူများ လုပ်ငန်းအောင်မြင်စေရန် အားပေးကူညီ လောင်စာဆီပြဿနာဖြေရှင်းနိုင်ရန် ခြဲစည်းရိုးကြက်ဆူပင် စိုက်ပျိုး

ရန်ကုန် မေ ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြန့်ဖြူးရောင်းချ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်(၁)ရှိ ဦးဇော်လွင်ဦး၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းသို့ ရောက်ရှိ၍ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီး

စာမျက်နှာ ၈ ကော်လံ ၁ ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီး ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ အင်တာနက် သတင်းနှင့် ဓာတ်ပုံ အညွှန်း

❒ မြန်မာနိုင်ငံအပါအဝင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအတွင်း ထုတ်လုပ်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအားလုံးသာမက မိမိတို့နိုင်ငံအတွင်းသို့ တင်သွင်းလာသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများအားလုံးတွင် ပါဝင်သော ကတ္တရာ၊ နီကိုတင်း စသော ဓာတ်ပစ္စည်းများ၏ပမာဏကိုလည်းကောင်း၊ ဆေးလိပ်ကို မီးရှို့လိုက်လျှင် ထွက်ရှိလာသော မီးခိုးငွေ့တွင်ပါဝင်သော ဓာတ်ပစ္စည်းများ၏ ပမာဏကိုလည်းကောင်း စနစ်တကျ စမ်းသပ်ပြီး ဆေးလိပ်ဘူးခွံတွင် ထင်ရှားစွာဖော်ပြရန် တာဝန်ရှိ။

ဒေါက်တာ ညီညိုကြိုင်၏ ဆောင်းပါး (စာ-၁၀)

ဘောလုံးပွဲကြည့်ရှုသူ အမျိုးသားများ အခြားကြည့်ရှုသူများနှင့် မျှဝေခံစားနိုင်

အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

1-6 (01).p65 1 1/3/32, 1:27 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁ ရက်)

ကိုယ်လက်လှုပ်ရှားခြင်း၏ ဆုလာဘ်သည် ကျန်းမာခြင်းဖြစ်

အနာကင်းရုံ၊ ရောဂါကင်းရုံသာမက ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတို့နှင့် ပြည့်စုံခြင်းကို "ကျန်းမာခြင်း"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာချက်အရ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း (သို့မဟုတ်) ကိုယ်လက်လှုပ်ရှားမှု ချို့တဲ့ခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေနှစ်သန်းခန့်သည် ရောဂါဖြစ်ခြင်း၊ ကိုယ်ခန္ဓာမသန်မစွမ်းဖြစ်ခြင်းနှင့် သက်တမ်းမစေ့မီသေဆုံးခြင်း စသည်တို့ကို ရင်ဆိုင်နေရကြောင်း သိရသည်။

နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါနှင့်အရိုးပွရောဂါကဲ့သို့သော ရောဂါများဖြစ်ပွားရခြင်း၏ အကြောင်းရင်းများထဲတွင် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် အဓိကအချက်ဖြစ်သည်။

သုတေသီများ၏ လေ့လာသုတေသနပြုမှုအရ ကိုယ်လက်လှုပ်ရှားမှုရှိသော မိခင်များသည် အိမ်၌ နေသောမိခင်များထက် ပို၍ကျန်းမာပြီးအသက်ရှည်သည်။ အဝလွန်မည့် အခွင့်အလမ်းလည်း ပို၍နည်းသည်ဟု ဆိုသည်။

အချိန်အတော်များများ(သို့မဟုတ်) တစ်သက်လုံးအိမ်တွင်နေထိုင်သူများနှင့် ပုံမှန်ကိုယ်လက်လှုပ်ရှားမှုမရှိသော အမျိုးသမီးများသည် ကျန်းမာရေးညံ့ဖျင်းလေ့ရှိသည်။ ထို့အပြင် အထီးကျန်မိခင်များနှင့် ကလေးမရှိသော အမျိုးသမီးများသည် ကျန်းမာရေး ညံ့ဖျင်းကြသည်။

သွားလာလှုပ်ရှားမှုမရှိဘဲ အိမ်တွင်ရေရှည်နေသည့် အမျိုးသမီးများ၏ ၃၈ ရာခိုင်နှုန်းသည် ၎င်းတို့ အသက် ၅၀ ကျော်လာသောအခါ အဝလွန်တတ်ကြသည်။ အိမ်ထောင်ရှိ၍ ကလေးရှိပြီး အလုပ်လုပ်သော အမျိုးသမီးများ၏ ၂၃ ရာခိုင်နှုန်းသာ အဝလွန်တတ်ကြသည်ဟု ဆိုသည်။

အမျိုးသားများသည်လည်း ကိုယ်လက်လှုပ်ရှားမှုမရှိပါက ပျင်းရိငြီးငွေ့ပြီး လေးလံထိုင်းမှိုင်းလာကာ တဖြည်းဖြည်းရောဂါဘယများ ဝင်ရောက်လာတတ်သည်။

သို့ဖြစ်၍ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ အလုပ်လုပ်မှ ကျန်းမာမည်ဖြစ်ရာ လူတိုင်းကိုယ်လက်လှုပ်ရှား အလုပ်လုပ်ခြင်းဖြင့် ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတို့နှင့် ပြည့်စုံသည့်ကျန်းမာခြင်း တည်းဟူသော ထူးမြတ်လှသည့် ဆုလာဘ်တစ်ပါးကို ရရှိခံစားရမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူးပိုလ်မှူးချုပ်သောင်းအေး အမှာစကားပြောကြား

နေပြည်တော် မေ ၃၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁–၆–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၁၀	၈။	မျိုးချစ်တပ်မတော်
၅:၂၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသ သတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း–၃၁)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိ ဗျတ္တိ"** (အပိုင်း–၅)

သီတဂူ ရေအလှူတော်တရားပွဲ

ရန်ကုန် မေ ၃၁

စစ်ကိုင်းတောင်ရိုးတွင် တရားများအားထုတ်လျက် ကိန်းအောင်းမွေ့လျော်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော်စင်တို့အတွက် လိုအပ်သော ရေစီမံကိန်းအလို့ငှာ သီတဂူ ရေအလှူတော်တရားပွဲကို သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မဟာမဏ္ဍိမာရုံကျောင်းရှိ ရွှေဥရတနာရွှေကျောင်းတော်တွင် ကျင်းပမည်ဖြစ်သည်။ ဇွန် ၉ ရက်တွင် အရှင်ဒေဝိန္ဒာဘိဝံသ (သာမဏေကျော်၊ သကျသီဟ၊ ဓမ္မာစရိယ)၊ ဇွန် ၁၀ ရက်တွင် အရှင်ဉာဏိဿရ (D.Litt, Ph.D)၊ ဇွန် ၁၁ ရက်တွင် အရှင်တေဇိန္ဒ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ ဇွန် ၁၂ ရက်တွင် အရှင်ဣန္ဒာစရိယ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)တို့က တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

ရေအလှူတော်အတွက် သီးသန့်ပါဝင် ကုသိုလ်ယူလိုသူများအတွက်လည်း ဖုန်း–၀၉–၉၉–၂၂၁၀၅၊ ၀၉–၅၁–၅၆၇၄၄၊ ၀၉–၅၀–၁၆၆၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရှင်သာမဏေဓမ္မဗိမာန် တရားစခန်း

ရန်ကုန် မေ ၃၁

ရွှေတိဂုံစေတီတော်အရှေ့ဘက် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ (ဒလ–အုံကြီး) ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (မဟာသဒ္ဓမ္မဇောတိကဓဇ)က ကျေးဇူးရှင်လယ်တီဆရာတော်၏ မူလကျင့်စဉ်နှင့်အညီ အနာဂါမ်ဆရာသက်ကြီးနည်းအတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေးတရားစခန်းကို ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ညနေ ၅ နာရီမှ ၆နာရီခွဲအတွင်း ဟောကြားပို့ချမည်ဖြစ်သည်။

တရားအားထုတ်လိုသူ ယောဂီများသည် ရှင်သာမဏေဓမ္မဗိမာန် ဖုန်း–၃၈၇၃၆၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့် သင်တန်းသား ၅၃ ဦးနှင့် လေ့လာသူများတက်ရောက်

ရန်ကုန် မေ ၃၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ဩစတြေးလျနိုင်ငံ ငွေကြေးနှင့်ပစ္စည်းလွှဲပြောင်းမှုသတင်းပို့ချက်များ စိစစ်ရေးဗဟိုဌာနတို့ ပူးတွဲကျင်းပသည့် ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေရိပ်သာရှိ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ယင်းနောက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ရဲမှူးကြီး စစ်အေးနှင့် ဩစတြေးလျနိုင်ငံ ငွေကြေးနှင့်ပစ္စည်းလွှဲပြောင်းမှုသတင်းပို့ချက်များ စိစစ်ရေး ဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင် Mr. Lindsay Chan တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်ပွဲအခမ်းအနားသို့ သင်တန်းသား ၃၇ဦးနှင့် ပစ္စည်းလွှဲပြောင်းခြင်းလုပ်ငန်းနှင့် သက်ဆိုင်သော အခြားဌာန အဖွဲ့အစည်းများမှ သင်တန်းသား ၁၆ဦး စုစုပေါင်းသင်တန်းသား ၅၃ ဦးနှင့် လေ့လာသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စိမ်းလန်းသာယာ ပြည်မြန်မာ သဘာဝတောမှုရှ၏

■ *ကျောဖုံးမှ*

စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆု ပထမရရှိသော ဒဂုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်ဌေးဌေးဝင်း၊ ဒုတိယရရှိသော သန်လျင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်သန္တာထွန်းနှင့် တတိယရရှိသော အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ နော်မွီးမွီးဆွဲတို့အားလည်းကောင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဉာဏ်စွမ်းရည်ပြိုင်ပွဲတွင် ပထမရရှိသော ကျောက်တံတားမြို့နယ်မှ ညီညီနိုင်၊ ဒုတိယရရှိသော လှိုင်မြို့နယ်မှ မိုးပပကြည်နှင့် တတိယရရှိသော သဃ်္ဃန်းကျွန်းမြို့နယ်မှမောင်ဝင်းထိုက်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ဖတ်ကြားတင်ပြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ စီမံချက်နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များအတွက် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲတွင် ပထမရရှိသော ကြည့်မြင်တိုင်မြို့နယ်မှ မဇင်ဇာမောင်၊ ဒုတိယရရှိသော ဗဟန်းမြို့နယ်မှ ဒေါ်နီလာမြင့်နှင့် တတိယရရှိသော အင်းစိန်မြို့နယ်မှ ဒေါ်သဇင်မြိုင်တို့အားလည်းကောင်း၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် တစ်ခန်းရပ်ပြဇာတ်ပြိုင်ပွဲတွင် ပထမရရှိသော ဗိုလ်တထောင်မြို့နယ်၊ဒုတိယရရှိသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် တတိယရရှိသော သဃ်္ဃန်းကျွန်း မြို့နယ်တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဆေးလိပ်ကင်းဝေးရေး စီမံချက်မန်နေဂျာ ဒေါက်တာ ညိုညိုကြိုင်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေး စီမံချက်လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

တင်ဆက်ဖျော်ဖြေ

ထို့နောက် တက်ရောက်လာကြသူများအား ပညာပေးအစီအစဉ် ဇာတ်လမ်းကို ပြသပြီး ဆေးလိပ်သောက်သုံးမှု ကင်းဝေးရေးသရုပ်ဖော်တစ်ခန်းရပ်ပြဇာတ်ဖြင့် တင်ဆက်ဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနား အပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံနှင့် ပန်းချီကားများကို လိုက်လံကြည့်ရှုကြသည်။ **(သတင်းစဉ်)**

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မေ ၃၁

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၉၆)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇွန် ၁၀ ရက်မှ ၁၈ရက်အထိ ကျင်းပ မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်နိုင်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ပြည့်စုံလှပ မြန်မာအမျိုးသမီး ဘဝ"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပေးပို့ရမည်

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀ x ၁၄) လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် စာတည်းမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တန်ချိန် ၂၇၀၀ပါ စားအုန်းဆီသင်္ဘောရောက်ရှိ

ရန်ကုန် မေ ၃၁

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့မှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီတွင် စားအုန်းဆီ တန်ချိန် ၂၇၀၀ ပါ MT-Smooth Sea-4**(အောက်ပုံ)**သင်္ဘောသည် ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။

အလားတူ ဇွန် ၂ ရက်တွင် စားအုန်းဆီတန်ချိန် ၂၈၀၀ ပါ သင်္ဘော တစ်စင်းနှင့် ဇွန် ၆ ရက်တွင် စားအုန်းဆီတန်ချိန် ၂၇၀၀ ပါ သင်္ဘော တစ်စင်း ထပ်မံဆိုက်ကပ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့်ကျေးလက်များ သောက်သုံးရေရရှိရေး စက်ရေတွင်းများလှူဒါန်းနိုင်

နေပြည်တော် မေ ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိရာ စက်ရေတွင်း လှူဒါန်းလိုလျှင် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်းကို စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်းကို စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်းကို စက်ပစ္စည်းစုံဖြင့်ငွေကျပ် ၅၀၀၀၀၀ ဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရေလှူဒါန်းခြင်းဖြင့် ရေအကျိုး(၁၀) ပါးကို ဆုမတောင်းဘဲရရှိနိုင်သည်ဖြစ်ရာ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၂၆၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၃၉၂၇၁၇၊ ၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၆၃-၂၃၁၆၄ နှင့် ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

TOA အိမ်သုတ်ဆေးပစ္စည်းသစ် မိတ်ဆက်

ရန်ကုန် မေ ၃၁

Greenline Myanmar Group Co., Ltd. နှင့် TOA Paint (Thailand) Co., Ltd. တို့က ကြီးမှူးကျင်းပသော TOA Seminor 2006 အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ အခမ်းအနားသို့ Greenline Myanmar Group Co., Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ TOA Paint (Thailand)မှ Trade Managerများ၊ နည်းပညာရှင်များနှင့် ဖိတ်ကြားထားသော အိမ်သုတ်ဆေးဆိုင်ပိုင်ရှင်များ၊ အင်ဂျင်နီယာများ၊ စက်ရုံပိုင်ရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ ဆေးသုတ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆောင်ရွက်ထား

ရှေးဦးစွာ TOA Paint (Thailand) မှ Mr. Menon က TOA Paintsဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနောက်ခံကို ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး TOA ကုမ္ပဏီအုပ်စုမှ ထုတ်လုပ်သော သုတ်ဆေးများမှာ နိုင်ငံတကာ၌ နာမည်ရပြီးဖြစ်သည့်အတွက် သုံးစွဲသူများနှင့်အရောင်းကိုယ်စားလှယ်များ နှစ်ခြိုက် ကျေနပ်မှုရှိစေရန် နောက်ဆုံးပေါ်နည်းပညာရပ်များဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထားကြောင်း ရှင်းလင်းပြောကြားသည်။

အရည်အသွေး

ဆက်လက်၍ ကျွမ်းကျင်ပညာရှင် Mr. Wittipongက TOA ကုမ္ပဏီမှ ထုတ်လုပ်သည့် ဆေးများတွင် ပါဝင်သည့် ဒြပ်ပစ္စည်းများ၏ အရည်အသွေးတစ်ခုချင်းအလိုက်ကို လည်းကောင်း၊ ခေတ်မီနည်းပညာသစ်များဖြင့် ပြုလုပ်ထားသည့်အတွက် ဖုန်၊ ရေညှိ နှင့် အညစ်အကြေးများ တွယ်ကပ်ခြင်းမှ ကင်းဝေးနိုင်မှုကိုလည်းကောင်း၊ Microban ပါဝင်မှုကြောင့် Duracleanး၏ ထူးခြားသော အရည်အသွေးကိုလည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် TOA Paint (Thailand) Co., မှ စက်မှုလုပ်ငန်းသုံး သုတ်ဆေးများ၊ ပရိဘောဂသုံး သုတ်ဆေးများ၊ အိမ်သုတ်ဆေး(ရေဆေး၊ဆီဆေး)များ အရောင်ပေါင်းတစ်သောင်းခန့်ရှိသည့်အနက် မိမိနှစ်သက်ရာ အရောင်များကို သုံးမိနစ် အတွင်း စိတ်ကြိုက်ဝယ်ယူရရှိနိုင်ပုံနှင့် အသုံးပြုပုံများကို လက်တွေ့ သရုပ်ပြရှင်းလင်းပြီး တက်ရောက်လာသော ဧည့်ပရိသတ်များအတွင်းမှ သိရှိလိုသော မေးမြန်းချက်များကို ထိုင်းနိုင်ငံမှ ပညာရှင်များက ပြန်လည်ဖြေကြားကြသည်။

ယနေ့ရှင်းလင်းပြသခဲ့သော TOA အိမ်သုတ်ဆေးများ၊ ပရိဘောဂသုတ်ဆေးများ၊ စက်မှုလုပ်ငန်းသုံးသုတ်ဆေးများကို ရန်ကုန်မြို့၌ GMG Co., Ltd. အမှတ် ၆၅ ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၂၄၆၁၉၄၊ ၃၈၄၁၁၉မှ လည်းကောင်း၊ မန္တလေးမြို့၌ GMG Co., Ltd. အမှတ်(၃၁၀) လမ်း(၈၀) ၂၀x၂၁ လမ်းကြား အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၆၄၈၅၈ မှလည်းကောင်း တိုက်ရိုက်ဖြန့်ချိပေးသည့်အပြင် အမြို့မြို့ အနယ်နယ်ရှိ အိမ်သုတ်ဆေးရောင်းချသော ဆိုင်ကြီးများ၌လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

TOA အိမ်သုတ်ဆေးပစ္စည်းသစ်များအကြောင်း မိတ်ဆက်ရှင်းလင်းပွဲတွင် ပညာရှင်တစ်ဦးက TOA အိမ်သုတ်ဆေးအကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရှာရန် ရာနှုန်း ၈၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဒီဂျစ်တယ်တေးသီချင်းဖွင့်စက် တရုတ်၌ ဈေးကွက်လျင်မြန်စွာဖွံ့ဖြိုးလာ

ရှန်ဟိုင်း မေ ၃၁

ဈေးကွက်စံနှုန်းသတ်မှတ်ခြင်းနှင့် နည်းပညာအသစ်များအရ တရုတ်နိုင်ငံ၏ ဒီဂျစ်တယ်တေးသီချင်းဖွင့်စက်များ ဈေးကွက်သည် နောက်လာမည့် ငါးနှစ်အတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အော်ဒီယို–ဗီဒီယိုအဖွဲ့ဥက္ကဋ္ဌ လီယုက ပြောကြားသည်။

ကြိုတင်ခန့်မှန်း

ရှန်ဟိုင်းမြို့တွင် ပြီးခဲ့သောအပတ်က သုံးရက်ကြာ ကျင်းပခဲ့သည့် အော်ဒီယို–ဗီဒီယိုစက်မှုလုပ်ငန်းဆိုင်ရာ နိုင်ငံတကာထိပ်သီး အစည်းအဝေးတွင် ဥက္ကဋ္ဌလီယုက ကြိုတင်ခန့်မှန်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

ပြောကြား

တရုတ်နိုင်ငံ၏ ဒီဂျစ်တယ်တေးသီချင်းဖွင့်စက် ဈေးကွက်သည် ၂၀၀၆ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၅၁၂ ဒသမ ၅ သန်း၊ ၂၀၀၈ခုနှစ်တွင် ဒေါ်လာ ၁ ဒသမ ၀၂ဘီလီယံနှင့် ၂၀၁၀ပြည့်နှစ်တွင် ဒေါ်လာ ၁ ဒသမ ၆ဘီလီယံ တိုးမြှင့်လာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ပိုမိုရောင်းချ

ပြီးခဲ့သောနှစ်က ဒီဂျစ်တယ်တေးသီချင်းဖွင့်စက်ထုတ်ကုန်များ ရောင်းချရမှုသည် နိုင်ငံတစ်ဝန်းတွင် အမေရိကန်ဒေါ်လာ သန်း ၄၅၀အထိမြင့်တက်ခဲ့သည်။ ယင်းထုတ်ကုန်များတွင် ရိုးရာတေးသီချင်း ထုတ်ကုန်များထက် ပိုမိုရောင်းချခဲ့ရသည်။

ရင်းနှီးမြှုပ်နှံ

ဒီဂျစ်တယ်တေးသီချင်းဖွင့်စက် ဈေးကွက်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးအမြတ်အများဆုံးရရှိခဲ့သည်။ ယင်းထုတ်ကုန်လုပ်ငန်းများကို ၂၀၀၅ခုနှစ် အောက်တိုဘာလမှ ၂၀၀၆ခု မတ်လအထိ နိုင်ငံခြားမှ လာရောက် ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၈၇ ဒသမ ၅ သန်းရှိခဲ့ကြောင်းလီယုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

ဧဝရက်တောင်ထိပ်သို့ တောင်တက်သမား ၁၉၄ ဦးတက်ရောက်

ခတ္တမန္ဒူ မေ ၃၁

နီပေါအစိုးရက ၂၀၀၆ခုနှစ် နွေဦးရာသီတွင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ တောင်တက်သမား ၁၉၄ ဦးပါဝင်သော တောင်တက်အဖွဲ့ ၁၇ဖွဲ့အား ကမ္ဘာ့အမြင့်ဆုံးတောင် ဧဝရက်တောင်သို့ တက်ခွင့်ပြုလိုက်ကြောင်း နီပေါ ယဉ်ကျေးမှု ခရီးသွားဆိုင်ရာ ဝန်ကြီးဌာနက မေ ၂၉ ရက်၌ ပြောကြားသည်။

ဧဝရက်တောင်ထိပ်သို့ ဤသို့ ခဲရာခဲဆစ် တက်ရောက်ခဲ့ကြသည်။
(ဓာတ်ပုံ–အင်တာနက်)

အဆိုပါ ဧဝရက်တောင်သို့ ၁၉၅၃ ခုနှစ် မေလက တန်ကျင်းနော်ဂရေးရှာပါနှင့် အက်မန်ဟီလာရီတို့သည် ပထမဆုံးတောင်တက်ခဲ့ကြသူများဖြစ်သည်။

တက်ရောက်

တောင်တက်သမား ၁၇၀၀ ခန့်သည် ၅၃နှစ်တာ ကာလအတွင်း တောင်ဘက် တောင်ထွတ်အမြင့် ၈၈၄၈ မီတာသို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇာကာဝီ၏လက်ထောက် ဘဂ္ဂဒက်၌ ဖမ်းဆီးမိ

ဘဂ္ဂဒက် မေ ၃၁

အယ်လ်ကေဒါ ထိပ်တန်းခေါင်းဆောင် အဘူမူဆက်အယ်ဇာကာဝီ၏ လက်ထောက်အား ဘဂ္ဂဒက်၌ အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက မေ ၂၉ရက်၌ ပြောကြားသည်။

ပြောကြား

ကက်ဆင်အယ်အနီသည် အီရတ်တွင် အလိုရှိဆုံးပုဂ္ဂိုလ်များထဲမှ တစ်ဦးဖြစ်ကြောင်း၊ ၎င်းအား မေ ၂၈ရက် ညနေပိုင်းက ဖမ်းဆီးလိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောခွင့်ရ ပုဂ္ဂိုလ် ကက်ဆင်အယ်မိုဆာဝီက ပြောကြားသည်။

အဆိုပါဇာကာဝီ၏လက်ထောက်နှင့်အတူ အကြမ်းဖက်သမား သုံးဦးကိုလည်း အီရတ်တပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်သည်ဟုဆိုသည်။

ဇာကာဝီနှင့် အယ်လ်ကေဒါတို့သည် ၂၀၀၃ခုနှစ်နောက်ပိုင်း အီရတ်၌ အသေအပျောက် အများဆုံး ဖြစ်ပွား၊ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း စွပ်စွဲခံထားရသည်။

အမ်အင်အေ၊ရိုက်တာ



တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် ဟွာစီကျေးရွာရှိ ဖန်လုံအိမ်စိုက်ပျိုးရေးခြံတွင် အောင်မြင်ဖြစ်ထွန်းနေသော အလေးချိန် ၆၅ ကီလိုဂရမ်ရှိ ရွှေဖရုံသီးကြီးကို မေ ၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှားငလျင် သေဆုံးသူ ၅၈၀၀ ရှိသွားပြီ

ဂျကာတာ မေ ၃၁

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ်ဂျာကာတာပြည်နယ်တွင် စနေနေ့က လှုပ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူဦးရေသည် ၅၈၀၀ ရှိခဲ့ကြောင်း မေ၃၀ရက်က ထုတ်ပြန်သည့် အစိုးရ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းငလျင်ကြောင့် ပျက်စီးသွားခဲ့ရသည့် အဆောက်အအုံ အပျက်အစီးများအောက်တွင် ပိတ်မိနေသော အသက်ရှင် ကျန်ရစ်သူများအား အချိန်မီကယ်တင်နိုင်ရန်နှင့် ငလျင်ဒဏ်သင့်သူများအတွက် စားနပ်ရိက္ခာနှင့် နေရာထိုင်ခင်းများရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မေ ၃၀ရက် မွန်းလွဲ ၁၂နာရီ ၂၈ မိနစ်တွင် ရစ်ချ်တာစကေး ၆ရှိ ငလျင်တစ်ခု ပါပူရာပြည်နယ်တွင် ထပ်မံလှုပ်သွားကြောင်း ဘူမိရူပဗေဒ အေဂျင်စီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ဖလားကြီးနှင့်အတူ

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပြသထားသော ကမ္ဘာ့ဖလားဆုကြီးနှင့် လာရောက် ဓာတ်ပုံအရိုက်ခံနေသော ပရိသတ်တစ်ဦးကို မေ ၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တရုတ်အရှေ့ပိုင်း၌ ယာဉ် ၂၈ စီးဆင့်ကဲတိုက် အနည်းဆုံး လူကိုးဦးသေ၊ ၃၀ ဒဏ်ရာရ

ပေကျင်း မေ ၃၁

တရုတ်နိုင်ငံ အရှေ့ပိုင်း အန်ဟွေးပြည်နယ်ရှိ အဝေးပြေးလမ်းပေါ်တွင် နှင်းများထူထပ်စွာကျဆင်းမှုကြောင့် ကား ၂၈စီး ဆင့်ကဲ ယာဉ်တိုက်မှု **(ဓါတ်ပုံ)** မေ ၂၉ရက်က ဖြစ်ပွားခဲ့သည်။

ပြောကြား

ယင်းယာဉ်တိုက်မှု ဖြစ်ပွားခြင်းကြောင့် အနည်းဆုံး လူကိုးဦးသေဆုံးပြီး၊ လူ ၃၀ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအဝေးပြေးလမ်း အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ဟီဖီမြို့နှင့် နန်ကျင်းမြို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းပေါ်တွင် နံနက် ၄နာရီနှင့် ၆ နာရီကြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သတိပေး

တနင်္လာနေ့ နံနက် ၂ နာရီတွင် လမ်းမပေါ်သို့မြူများ စတင်ဖုံးလွှမ်းလာသောကြောင့် ယခုကဲ့သို့ယာဉ်တိုက်မှု ဖြစ်ခဲ့ရခြင်းဖြစ်သည်။ လမ်းတွင် မြူများဖုံးလွှမ်းနေမှုကို ယာဉ်မောင်းများအား ယာဉ်စည်းကမ်းထိန်းသိမ်းမှု အဖွဲ့ဝင်များက သတိပေးခဲ့သေးသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးလိုက်ရပြီး ကယ်ဆယ်ရေးအဖွဲ့များသည် ယင်းနေရာ၌ ရှင်းလင်းမှုများ လုပ်ဆောင်နေကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းနိုင်ငံမြောက်ပိုင်း ပြည်နယ်များ၌ရေလွှမ်း

ဗန်ကောက် မေ ၃၁

ထိုင်းနိုင်ငံမြောက်ပိုင်း ပြည်နယ်များတွင် ရေလွှမ်းမှုနှင့်မြေပြိုမှုများကြောင့် သေဆုံးသူ ၇၇ဦးအထိရှိခဲ့ပြီး ၃၈ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက မေ ၂၉ရက်၌ ပြောကြားသည်။

မြောက်ပိုင်းပြည်နယ် ငါးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။ ယင်းမိုးရွာသွန်းမှုကြောင့် မြေများပြိုကျပြီး အိမ်များမြေအောက်မြုပ်သွားသည်။

ယင်းသဘာဝ ဘေးအန္တရာယ်ကြောင့် အနည်းဆုံး ဒေသခံ ၁၇၀၆၀၀ ထိခိုက်နစ်နာခဲ့ရသည်။

ရေလွှမ်းမိုးမှုနှင့်မြေပြိုကျမှုကြောင့် အမေရိကန်ဒေါ်လာ ၂၅သန်းခန့် ဆုံးရှုံးနစ်နာခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဆေးလိပ်မသောက်ရန် နှိုးဆော်သည့်ပုံများ ဗြိတိန်နိုင်ငံစီးကရက်ဘူးခွံများတွင်ဖော်ပြမည်

လန်ဒန် မေ ၃၁

ဆေးလိပ်မသောက်သင့်ကြောင်း ပြည်သူကိုသတိပေးသည့်ပုံများကို ရှေ့နှစ်မှစ၍ ဗြိတိန်နိုင်ငံ၌ စီးကရက်ဘူးခွံများပေါ်တွင် ဖော်ပြသတိပေးနှိုးဆော်ရန် စီစဉ်ထားသည်။

မီးမောင်းထိုးပြ

ကျန်းမာရေးဌာန၏ ဝက်ဘ်ဆိုက်တွင် ဆေးလိပ်သောက်ခြင်း၏ အန္တရာယ်ကို မီးမောင်းထိုးပြသထားသည့် ပုံများနှင့်စပ်လျဉ်း၍ ပြည်သူတို့ အနေဖြင့် သဘောထားအမြင်များ ပေးနိုင်သည်။

ပိုမိုထိရောက်

ကျန်းမာရေးကိစ္စတွင် စာရေးသားသတိပေးမှု သက်သက်ထက် ဓာတ်ပုံများပါ ဖော်ပြသတိပေးမှုက ပိုမိုထိရောက်သည်။ အချို့နိုင်ငံများတွင် ထိုနည်းလမ်းနှစ်မျိုးစလုံးကို အသုံးပြုအောင်မြင်နေသည်။

ဓာတ်ပုံများတွင် ဆေးလိပ်သောက်၍ ရောဂါဖြစ်နေသည့်အဆုတ်၊သေအံ့မူးမူးဖြစ်သည့် ဆေးလိပ်စွဲသူတစ်ဦးနှင့် အမိဝမ်းတွင်းမှ သန္ဓေသားပုံများ ပါဝင်သည်။

၂၀၀၇ ခုနှစ် ဆောင်းရာသီမှစ၍ ရောင်းချမည့်စီးကရက်ဘူးခွံ နောက်ကျော၏ ၄၀ ရာခိုင်နှုန်းသောနေရာတွင် ထိုပုံများကို ဖော်ပြသတိပေးမည်ဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ဘက်မလိုက်အဖွဲ့ဝင်သစ်နှစ်နိုင်ငံ တိုးလာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၁၆ နိုင်ငံရှိပြီ

ကွာလာလမ်ပူ မေ ၃၁

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(နမ်)က ဒိုမီနီကန်သမ္မတနိုင်ငံနှင့် အင်တီဂွါနှင့် ဘာဘူဒါတို့အား အဖွဲ့ဝင်သစ်များ အဖြစ်လက်ခံခဲ့ရာ စုစုပေါင်းနမ်အဖွဲ့ဝင် ၁၁၆ နိုင်ငံရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာကဖော်ပြသည်။

မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆေရက်ဟာမစ်အယ်ဘာက ပူထရာဂျားယားအလယ်ပိုင်း၌ ပြုလုပ်သော နမ်ပူးပေါင်းဆောင်ရွက်ရေး ဘုတ်အဖွဲ့၏အစည်းအဝေး၌ အဆိုပါကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ဒိုမီနီကန်သမ္မတနိုင်ငံ၏ကိုယ်စားလှယ်အကြီးအကဲ ခရစ်ခပင်အက်စ် ဂရီဂိုးရီက နှစ်ပေါင်းများစွာနမ်အဖွဲ့၏လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး နမ်အဖွဲ့သို့ဝင်ရောက်ရန်ဆန္ဒရှိခဲ့ကြောင်း ပြောကြားသည်။

ဝင်ရောက်

မိမိတို့နိုင်ငံသည် နိုင်ငံသေးသော်ငြားလည်း ၁၉၇၈ ခုနှစ်က ဗြိတိန်မှ လွတ်လပ်ရေးရပြီး ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ခဲ့ကြောင်း၊ ယနေ့အချိန်အခါတွင် မိမိတို့သည်ကမ္ဘာ့အသိုင်းအဝိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများ ကော်မတီသို့ဝင်ရောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဂရီဂိုးရီက ဘာနာမားသတင်းအေဂျင်စီသို့ ပြောကြားသည်။

ထုတ်ဖော်

ထိုအတောအတွင်း အင်တီဂွါနှင့် ဘာဘူဒါ၏ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ဂျွန်ဒဗလျူအက်ရှ်ီက ယင်း၏နိုင်ငံအတွက် နမ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို တန်ဖိုးထားလေးစားကြောင်း၊ ထုတ်ဖော်ပြောကြားသည်။

တည်ရှိ

ဒိုမီနီကန် သမ္မတနိုင်ငံသည် ကရစ်ဘီယံကျွန်းစုရှိ ကျွန်းနိုင်ငံဖြစ်ပြီး အင်တီဂွါနှင့် ဘာဘူဒါနိုင်ငံသည် ကရစ်ဘီယံပင်လယ်နှင့် မြောက်အတ္တလန္တိတ်သမုဒ္ဒရာကြားတွင် ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ၌ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲ ဆေးလိပ်မသောက်ရန်အဖြစ် သတ်မှတ်မည်

ပေကျင်း မေ ၃၁

တရုတ်နိုင်ငံက အိုလံပစ်အားကစားပွဲကို ဆေးလိပ်မသောက်သောအိုလံပစ် အားကစားပွဲအဖြစ်ကျင်းပရန် သန္နိဋ္ဌာန်ချထားကြောင်း၊ ဆေးလိပ်သောက်သူသန်း ၃၅၀ ၏အမူအကျင့်ကိုအပြောင်းအလဲပြုလုပ်ရာတွင် အခက်အခဲဖြစ်လိမ့်မည် ဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဝန်ခံပြောကြားလိုက်သည်။

တရုတ်နိုင်ငံက အများပြည်သူနှင့်ဆိုင်သော နေရာများတွင် ဆေးလိပ်သောက်ခြင်းကို ထိန်းချုပ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက မေ ၂၉ ရက်တွင် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပိတ်ပင်

၂၀၀၇ ခုနှစ်အကုန်တွင် အိုလံပစ်နှင့်ဆိုင်သော ဆေးရုံများအားလုံးတွင် ဆေးလိပ်သောက်ခြင်းပိတ်ပင်မည်ဖြစ်ကြောင်း ကျန်ဘင်း၏ပြောကြားချက်ကို ဆင်ဟွာက ပြောကြားသည်။

ပြောကြား

ယင်းဆေးလိပ်သောက်ခြင်းပိတ်ပင်ခြင်းကို ပို့ဆောင်ရေးနှင့်ဆိုင်သော နေရာများနှင့်ရုံးများတွင် အကျိုးသက်ရောက်မည်ဖြစ်ကြောင်း၊ သို့သော် ဆေးလိပ်သောက်လေ့ရှိသောသူများအတွက် အလေ့အထကိုပြောင်းလဲရန် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထုတ်လုပ်

တရုတ်နိုင်ငံသည် ကမ္ဘာ့ဆေးလိပ် ထုတ်လုပ်မှုနှင့် သုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် ဆေးလိပ် နှစ်ထရီလီယံနီးပါး ထုတ်လုပ်သည်။

သေဆုံး

၂၀၀၅ခုနှစ်က ဆေးလိပ်အခွန် ကောက်ခံရရှိမှုမှ အစိုးရသို့ ယွမ် ၁၅၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၈ဘီလီယံ)ရှိသည်။ တရုတ်နိုင်ငံတွင် နှစ်စဉ် ဆေးလိပ်ကြောင့် လူပေါင်း ၁ဒသမ၂သန်း သေဆုံးနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နိုင်ငံရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ တစ်လလျှင်အကြိမ် ၆၀ နီးပါး တိုက်ခိုက်ခံရ

လန်ဒန် မေ ၃၁

အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များအား ၂၀၀၆ခုနှစ် အစကတည်းက တစ်လလျှင် ပျမ်းမျှအကြိမ် ၆၀ နီးပါး အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်မှုခံနေရကြောင်း မေ ၂၉ ရက်ထုတ် အင်ဒီပင်းဒင့် သတင်းစာတွင် ဖော်ပြထားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသော အီရတ်ပြည်နယ်လေးခုတွင် အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်မှုကို ဇန်နဝါရီလတွင် ၃၆ ကြိမ်၊ ဖေဖော်ဝါရီလတွင် ၄၁ ကြိမ်၊ မတ်လတွင် ၅၇ ကြိမ်၊ ဧပြီလတွင် ၁၀၃ ကြိမ် စုစုပေါင်း ၂၃၇ ကြိမ် တိုက်ခိုက်ခံခဲ့ရသည်။

အစီရင်ခံ

သို့သော် ၂၀၀၅ ခုနှစ် တစ်နှစ်လုံးတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသော ယင်းပြည်နယ်လေးခုတွင် အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်ခြင်းကို ဗြိတိသျှတပ်ဖွဲ့ဝင်များ ၅၆၂ ကြိမ်ခံခဲ့ရသည်။ လအလိုက် ပျမ်းမျှတိုက်ခိုက်ခံရမှုသည် ၄၇ ကြိမ်ထက် မနည်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရှာမတွေ့

တနင်္ဂနွေနေ့ ဘီဘီစီအစီရင်ခံစာတွင် ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲစတင်ကတည်းက တပ်မှထွက်ပြေးသွားသော ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်ရှိပြီး ၉၀၀ နီးပါးသည် ရှာမတွေ့တော့ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆာဘီးယား၌ လက်နက်စက်ရုံပေါက်ကွဲ

ဘယ်လ်ဂရိတ် မေ ၃၁

ဆာဘီးယားမြို့တော် ဘယ်လ်ဂရိတ်အနောက်ဘက်တွင် မေ ၂၉ရက်က ဓာတုဗေဒပစ္စည်းများနှင့် လက်နက်စက်ရုံပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ထုတ်လွှင့်

ယင်းပေါက်ကွဲမှုကြောင့် လူလေးဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။ သို့သော် နောက်ထပ်အသေးစိတ် အချက်အလက်များကို ဖော်ပြခြင်းမရှိပေ။

၎င်းပေါက်ကွဲမှုသည် ဘာရစ်ဒေသရှိ လက်နက်စက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ မီးထလောင်ခဲ့သောကြောင့် ယင်းနေရာသို့ ဝင်ရောက်ရန် အခက်အခဲ ဖြစ်ခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဟာကြူလီပြိုင်ပွဲ

လူသန်ကြီးဟာကြူလီအဖြစ် ပါဝင်ဆင်နွဲနေသူတစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံ ဟီဖိုင်မြို့တွင် ဟာကြူလီလူသန်ကြီးများပြိုင်ပွဲတစ်ရပ်ကို မကြာမီကကျင်းပခဲ့ရာ လူသန်ကြီးတစ်ဦးက အလေးချိန် ကီလိုဂရမ် ၁၃၀ လေးသောပုံးကြီးနှစ်ပုံးကို လက်တစ်ဖက်စီတွင်ဆွဲကာ အေးအေးလူလူ လမ်းလျှောက်ပြခဲ့ကြောင်း သိရသည်။ ၎င်းပြိုင်ပွဲသို့ တရုတ်နိုင်ငံတစ်ဝန်းမှ လူသန်ကြီးများ ပါဝင်ဆင်နွှဲကြသည်။ **(အင်တာနက်)**

လက်သုံးဖက်ပါရှိသော ကလေးငယ်

လက်သုံးဖက်ပါရှိသော ကလေးငယ်လေးတစ်ဦးကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ဆေးရုံတစ်ရုံ၌ မကြာမီကမွေးဖွားခဲ့သော ၅၉ ရက်သား ကလေးငယ်တစ်ဦးမှာ လက်သုံးဖက်ပါရှိကြောင်း သိရသည်။ ယခုကဲ့သို့ ထူးထူးခြားခြားအပိုပါရှိလာသော လက်တစ်ဖက်ကို ဆရာဝန်များက ခွဲစိတ်ဖယ်ရှားရန် စီစဉ်လျက်ရှိသည်။ ကလေးငယ်၏ကျန်းမာရေးအခြေအနေကိုလည်း စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

(အင်တာနက်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ၂၀၀၆ ခုနှစ် မေလ ၃၀ ရက်နေ့မှစတင်၍ တာဝန်ယူဆောင်ရွက်သော စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးအဖွဲ့သစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဆက်လက်ထမ်းဆောင်သူ မစ္စတာ ဂျော့ယောင်ဘွန်ယိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အရာထမ်း၊ အမှုထမ်းများအား အမှာစကားပြောကြားစဉ်။ (လူမှုဝန်ထမ်း)

မေ ၂၈ ရက်က အမှတ် ၆၆၉ အနော်မာ ၁၅ လမ်း အနောက်(၁)ရပ်ကွက် သာကေတမြို့နယ် ရန်ကုန်မြို့ (ဦးတင်ထွန်း-ဒေါ်တင်ရွှေ)၊ (ဦးသိန်းတန်)-ဒေါ်အုံးမြင့်၊ သား ကိုကျော်ဝင်း၊ သမီး မဝင်းမြင့်သိန်း၊ မြေး မနှင်းအိကျော်၊ မောင်အောင်သူဟိန်း မိသားစုက ဆူးလေစေတီတော် သုတ္တန်လိုဏ်ဂူပေါ်ရှိ အရံစေတီတော်အကြီးတစ်ဆူ ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် တစ်ဆယ့်ရှစ်သိန်းကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့အကျိုးသယ်ပိုး ပြည်သူ့ဝန်ထမ်းကောင်းအဖြစ်ခံယူ၍ သွက်လက်မြန်ဆန် ညီညွတ်စွာဆောင်ရွက်

နေပြည်တော် မေ ၃၁

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ယင်းဝန်ကြီးဌာနနှစ်ခုမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့် အဆိုပါ ဝန်ကြီးဌာနနှစ်ခုမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းရပ်များကိုလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသော ဒုက္ခသည်များအား ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်နေရာချထားမှုဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက မီးသတ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်နှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသွင်တို့က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ပြည်သူ့အကျိုးသယ်ပိုး

ယင်းနောက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဝန်ထမ်းများအား မှာကြားရာတွင် လက်ရှိနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကိုလည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ဝန်ထမ်းများအနေဖြင့် သစ္စာရှိရှိ တာဝန်သိသိ လိုက်နာဆောင်ရွက်ရမည့် ကိစ္စများကိုလည်းကောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်၏ စေတနာကို တုံ့ပြန်သောအားဖြင့် အဂတိတရားလေးပါး ကင်းရှင်း၍ လာဘ်ပေးလာဘ်ယူနှင့် အကျင့်ပျက်အပြုအမူကိစ္စများကို ရှောင်ရှားကြရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်သော ဝန်ထမ်းကောင်းများအဖြစ်ခံယူ၍ သွက်သွက်လက်လက် မြန်မြန်ဆန်ဆန်ဖြစ်စေရန်နှင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **ကျောဖုံးမှ**

နှစ်ဆတိုးလာ

မိမိဘာသာ မိမိလိပ်၍ ဆေးလိပ်သောက်သူအချိုးအစားမှာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် နှစ်ဆတိုးလာသည်။

ပိုအန္တရာယ်ကြီး

သို့သော် အမျိုးသားကျန်းမာရေးအဖွဲ့က ဆေးလိပ်သောက်သူ ၁၀၀၀ ခန့်ကို ကွင်းဆင်းမေးမြန်းကြည့်သောအခါ အများစုမှာ အန္တရာယ်ကို အမှန်တကယ် သိရှိသဘောမပေါက်ကြကြောင်း တွေ့ရသည် ဆို၏။ လက်ဖြင့် လိပ်သောက်ခြင်းက ပိုမိုအန္တရာယ်ကြီးသည်ဟူ၍ပင် အချို့သောသုတေသီများက အကြံပြုသည်။

စစ်တမ်းကောက်ယူ

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့နှင့် တိုက်ဆိုင်ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က လူထုသဘောထား စစ်တမ်းကောက်ယူရာတွင် ဆယ်ကျော်သက်များသည် စီးကရက်ထက် ဆေးရွက်ကြီးများကို ပိုမိုသောက်လာကြသည်ကို တွေ့ရှိရချိန်တွင် ဗြိတိန် အမျိုးသားကျန်းမာရေးအဖွဲ့က အထက်ပါအတိုင်း လေ့လာတွေ့ရှိခြင်းဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

ဘောလုံးပွဲကြည့်ရှုသူ အမျိုးသားများ အခြားကြည့်ရှုသူများနှင့် မျှဝေခံစားနိုင်

ဘောလုံးပွဲ ကြည့်ရှုသူများသည် မိမိတို့စိတ်ခံစားမှုကို အခြားကြည့်ရှုသူများနှင့် မျှဝေခံစားနိုင်ကြပြီး တစ်ခါတစ်ရံ စိတ်လွတ်ကိုယ်လွတ် ခံစားပေါက်ကွဲမှုများလည်း ဖြစ်ပေါ်စေတတ်ကြောင်း သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

ခံစားတတ်

အမျိုးသား ကျန်းမာရေးဆိုင်ရာ ဖောင်ဒေးရှင်းမှ သုတေသနပြုချက်အရ ဘောလုံးပွဲကြည့်သူ အမျိုးသား သုံးပုံနှစ်ပုံတို့မှာ မိမိတို့ စိတ်လှုပ်ရှားမှုကို အခြားသူများအား ပြောပြခံစားတတ်ကြသည်ဟု ဖော်ပြထားသည်။

စိတ်လှုပ်ရှားမှု

ထို့အတူ ဘောလုံးပွဲကြည့်သူ အမျိုးသား ၅၀၀ ၏ ၇၅ ရာခိုင်နှုန်းသော သူများသည် ဘောလုံးပွဲ တစ်ပွဲကို သူငယ်ချင်းများနှင့်ကြည့်ရှုစဉ် စိတ်လှုပ်ရှားစွာ ပွေ့ဖက်၊ ထုနှက်၊ ရိုက်ပုတ်မိကြခြင်းမှာ ပြဿနာတစ်ရပ်မဟုတ်ကြောင်း၊ စိတ်အနှောင့်အယှက်လည်း မဖြစ်ကြကြောင်း တွေ့ရှိရသည်ဟု အင်္ဂလန်နိုင်ငံ အမျိုးသားကျန်းမာရေးဆိုင်ရာ ဖောင်ဒေးရှင်းမှ ဒေါက်တာ အင်ဒရူးမက်ကူလော့က ပြောကြားသည်။

စိတ်အာရုံ

ထိုသို့သော အပြုအမူများမှာ ၎င်းတို့၏ စိတ်ခံစားမှုလွတ်လပ်ခြင်းဖြစ်ပြီး စိတ်အာရုံခံစားမှုကို ဖော်ပြခြင်းလည်းဖြစ်သည်ဟု ဆိုသည်။ သို့သော် အမျိုးသား အများစုမှာ အမျိုးသမီးများနှင့် ဘောလုံးပွဲတစ်ပွဲကို အတူတွဲမကြည့်လိုကြခြင်းဖြစ်ပြီး၊ စိတ်လွတ်လပ်မှုမရှိဟု ခံစားရသော အမျိုးသားများ အရေအတွက်က များပြားသည်ဟုလည်း ၎င်းက ပြောဆိုသည်။

(ကိုးကား-အင်တာနက်)



ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ၄က်ဖျား၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များ လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၉ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၁၄)တွင် ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကြောင့် ကျန်းမာရေးထိခိုက်စေနိုင် အများပြည်သူတို့ ပိုမိုနားလည်သဘောပေါက်ပြီး ရှောင်ကြဉ်နိုင်မည်မျှော်လင့်

✡ ***ကျောဖုံးမှ***

ထို့အပြင် စပိန်လူမျိုး ဆရာဝန် ဖရန်စစ္စကိုဟာနန်ဒက်သည် မက္ကဆီကိုနိုင်ငံသို့ သံတမန်အဖြစ်သွားရောက်ရာမှ ဆေးရွက်ကြီးပင်ကို ဥရောပသို့ ပထမဆုံး သယ်ဆောင်ခဲ့ကြောင်းနှင့် ထိုမှတစ်ဆင့် ပေါ်တူဂီနိုင်ငံတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဇန်းနီးကောမှ ပြင်သစ်ဘုရင်မ၏ မယ်တော်အား ဆေးရွက်ကြီးမျိုးစေ့ကို ဆက်သခဲ့ကြောင်းသိရသည်။ ဆေးရွက်ကြီးတွင် ပါဝင်သော နီကိုတင်းဓာတ်သည် ထိုသံအမတ်ကြီးအား အစွဲပြု၍ ခေါ်ဆိုခဲ့ကြောင်း သိရသည်။

ပျံ့နှံ့လာခဲ့

ထိုမှတစ်ဆင့် ဆေးရွက်ကြီး မျိုးစေ့သည် ဥရောပ၊ အာရှ၊ အာဖရိကနှင့် တရုတ်နိုင်ငံများသို့ ပျံ့နှံ့လာခဲ့သည်။ ဆေးလိပ်၊ စီးကရက်သည် ရှိုက်ပြီးရှူရသည့်အရာဖြစ်၍ အန္တရာယ် အလွန်များသည်။ စီးကရက်မှထွက်လာသော ဆေးလိပ်ငွေ့သည် ဓာတုပစ္စည်းပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ယင်းတို့အနက် ဓာတုပစ္စည်း ၆၀ သည် ကင်ဆာရောဂါကို ဖြစ်စေသည်ဟု ၁၉၉၂ ခုနှစ်တွင် သုတေသီများက သတ်မှတ်ခဲ့ကြသည်။

အန္တရာယ်ဖြစ်စေနိုင်

ဆေးလိပ်၊ ဆေးရွက်ကြီးတွင် နီကိုတင်းဓာတ်၊ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်နှင့် ကတ္တရာဓာတ်များသည် လူ၏အသက် အန္တရာယ်ကို ဖြစ်စေနိုင်သည့် ဓာတ်များဖြစ်သည်။

စီးကရက်တစ်လိပ်တွင် နီကိုတင်းဓာတ်တစ်မီလီဂရမ်ပါဝင်ရာ ထိုပမာဏကို တစ်ကြိမ်တည်း သွေးကြောထဲသို့ သွင်းလိုက်ပါက လူကို ချက်ချင်း သေစေနိုင်ကြောင်း သိရသည်။

အကောင်အထည်ဖော်

ယနေ့ ကမ္ဘာပေါ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆက်စပ်နေသော ရောဂါများကြောင့် နှစ်စဉ်လူငါးသန်း သေဆုံးနေရသည်။ ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ် စသည့် ဆေးလိပ်အမျိုးမျိုးသည် သောက်သုံးသူနှင့်တကွ ဘေးမှအငွေ့ရှူရှိုက်ရသူအားလုံးကိုကြီးစွာအန္တရာယ်ပြုလာခြင်းကြောင့်လည်းကောင်း၊ လူမှုရေး၊ စီးပွားရေးထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေခြင်းကြောင့်လည်းကောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးလိပ်ကင်းဝေးရေး စီမံချက်ကို ၁၉၉၈ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၉ခုနှစ်မှစ၍ ကျင်းပခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းအစရှိသော ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည် လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံးကို ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အန္တရာယ်အမျိုးမျိုး ကျရောက်စေနိုင်ကြောင်းအများပြည်သူများသိမြင်သဘောပေါက်ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများအစဉ်တစိုက်ဆောင်ရွက်ခဲ့ကြောင်း၊ မေ၃၁ရက်တွင်ကျရောက်သည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်ပေးပို့သောသဝဏ်လွှာတွင် ဖော်ပြသည်။

နှစ်စဉ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသောဆောင်ပုဒ်များကို မြန်မာဘာသာသို့ပြန်ဆိုပြီး ၎င်းဆောင်ပုဒ်များ၏ ရည်မှန်းချက်များအတိုင်း တစ်နှစ်ပတ်လုံး လှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း၊ မကြာမီက နိုင်ငံတော်အစိုးရက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကြောင့် ကျန်းမာရေးထိခိုက်စေနိုင်၍ အများပြည်သူတို့ ပိုမိုနားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့်ဆေးရွက်ထွက်ပစ္စည်းသောက်သုံးမှုကို ရှောင်ကြဉ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ထိုသို့ ဥပဒေနည်းလမ်းအရ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ဆေးလိပ်သောက်သုံးမှုကြောင့်ဖြစ်သောနှလုံးရောဂါ၊အဆုတ်ရောဂါနှင့် ကင်ဆာရောဂါအမျိုးမျိုး ဖြစ်ပွားမှု၊ သေဆုံးမှုများ လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး၏သဝဏ်လွှာ၌ ဆက်လက်ဖော်ပြသည်။

တက်ရောက်

အဆိုပါကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားကို ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန(အိုင်ဘီစီ)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ်ပါမောက္ခ Adik Wibowo နှင့် သူနာပြုဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဆေးလိပ်တိုက်ဖျက်ရေးဆိုင်ရာ ဓာတ်လမ်းဓာတ်ကွက်များကို ဗီဒီယိုဆလိုက်ဖြင့်ပြသခဲ့သည်။

ယခုနှစ် ၂၀၀၆ခုနှစ် ၏ ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်မှာ (Tobacco; deadly in any form or disguise) **ဆေးလိပ် ဆေးရွက်ဆွဲအောင်အား အသက်အန္တရာယ်သတိထား၊ တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား** ဟူ၍ဖြစ်သည်။

ဆောင်ပုဒ်

ယခုနှစ်ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်မှာ ဆေးလိပ်သောက်သုံးသူများအား ဆေးလိပ်ဖြတ်ရန်တိုက်တွန်းထားသောဆောင်ပုဒ်ဖြစ်ကြောင်း၊ ဆေးလိပ်အန္တရာယ်ကို သိရှိချိန်မှစ၍ အချိန်မီစွာဆေးလိပ်ဖြတ်သင့်ကြောင်း၊ ဆေးလိပ်သည် ကျန်းမာရေးဆိုးကျိုးဖြစ်စေနိုင်သည့်အပြင် စီးပွားရေး၊ လူမှုရေးကိစ္စများတွင်ပါ ထိခိုက်စေနိုင်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ညိုညိုကြိုင်က ပြောကြားသည်။

ဆေးရွက်ကြီးကို ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ရာတွင် မည်သည့်ပုံစံဖြင့် ထုတ်လုပ်စေကာမူ အသက်အန္တရာယ်ရှိကြောင်း Light, Mild စသည့်စကားလုံးများသုံးထားသော်လည်း မည်သည့်ဆေးလိပ်မဆို အသက်အန္တရာယ်ရှိကြောင်း၊ အသက်အန္တရာယ်ရှိ၍ ဆေးလိပ်အန္တရာယ်ကို တွန်းလှန်သည့်အနေဖြင့် ဆေးလိပ်သောက်သုံးမှုဖြတ်ရန် တိုက်တွန်းလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယနေ့ကမ္ဘာ့နိုင်ငံများက ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ်ကိုထိန်းချုပ်ရန်အတွက် ဆေးလိပ်မသောက်ရနယ်မြေများသတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများ ပိတ်ပင်ခြင်း၊ ဆေးလိပ်မသောက်ရနယ်မြေတွင် ဖောက်ဖျက်ကျူးလွန်သူများအား အရေးယူဆောင်ရွက်ခြင်းဖြင့် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း မကြာမီက ထုတ်ပြန်ခဲ့သော ဥပဒေအရ ဆေးလိပ်ရောင်းချသူများ၊ ဆေးလိပ် ကြော်ငြာရှင်များနှင့်ဆေးလိပ်သောက်သူများအား ထိရောက်စွာ အရေးယူဆောင်ရွက်မှုများဖြစ်လာနိုင်ကြောင်းသိရသည်။

သို့ဖြစ်၍ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးသော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိသော ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးသည် ပြည်သူတစ်ရပ်လုံးအတွက် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ထိခိုက်စေလျက်ရှိရာ ယင်းအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ရန်အတွက် အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပြခန်းများကြည့်ရှု

၂၀၀၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းများနှင့် ပညာပေးဆောင်ရွက်မှုကဏ္ဍများ ပြခန်းတွင် ဧည့်သည်တော်များ ပြခန်းများ ကြည့်ရှုကြစဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

၂၀၀၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပစဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

၂၀၀၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ပါမောက္ခ Adik Wibowo အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

၂၀၀၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ပညာပေးပြခန်းများ တစ်စိတ်တစ်ဒေသကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီး ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်(၂) ရှင်းလင်းဆောင်တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

အဆိုပါခြံ၌ ခြံစည်းရိုး ကြက်ဆူအစေ့ပျိုးပင် ၁၃၀၀၀၀၊ ကိုင်းပျိုးပင်နှစ်သောင်း စုစုပေါင်း ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းခွဲကျော်ကို ပျိုးထောင်ထားကြောင်းသိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အထူးဇုန်(၂)ရှိ ဦးကြူကျင့်မန်၏ ကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြ၍ ဥစားကြက်များမွေးမြူထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ကြက်မွေးမြူရေးခြံ၌ ဥစားကြက် တစ်သောင်းခွဲကို မွေးမြူထားကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အထူးဇုန်(၂)ရှိ ဦးအောင်ထွန်းသန့်၏ စိုက်ပျိုးရေးခြံသို့ရောက်ရှိကြ၍ ခြံအတွင်းဖြစ်ထွန်းလျက်ရှိသည့် ပဲတောင့်ရှည်ပင်နှင့်ရုံးပတီပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် အထူးဇုန်(၂)သို့ရောက်ရှိကြ၍ ဦးမင်းချို၏ခြံ၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုး ကြက်ဆူပင်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီးဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါခြံ၌ ခြံစည်းရိုးကြက်ဆူအစေ့ပျိုးပင်တစ်သိန်းခွဲနှင့်ကိုင်းပျိုးပင်တစ်သိန်းခွဲ စုစုပေါင်း ခြံစည်းရိုးကြက်ဆူပျိုးပင်သုံးသိန်းကို ပျိုးထောင်ထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်(၂) ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဇုန်(၂)တာဝန်ခံ ရန်ကုန်မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်၊ ဇုန်(၃)တာဝန်ခံ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကြင်ထွန်းနှင့် ဇုန်(၁)တာဝန်ခံ ကိုယ်စား တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးဝင်းမြင့်တို့က မိမိတို့ ဇုန်အလိုက် ဟင်းသီးဟင်းရွက်နှင့်သားငါး စိုက်ပျိုးမွေးမြူထားရှိမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အထူးဇုန် ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက ဆက်သွယ်ရေးအတွက် လမ်းများဖောက်လုပ်ပြီးစီးမှု၊ အထူးဇုန် နယ်နိမိတ်လမ်း ဖော်ထုတ်ပြီးစီးမှု၊ မှော်ဘီမြို့မှ အထူးဇုန်သို့ ဝင်ရောက်ရန်အတွက် ကားလမ်းဖောက်လုပ်နေမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ ဖြတ်လမ်းများ ဖောက်လုပ်ရန် စီစဉ်နေမှု၊ အထူးဇုန်၌ ခြံစည်းရိုးကြက်ဆူပင် ဧက ၄၀၀ စိုက်ပျိုးပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနမှူး ဦးကျော်သိန်းက အထူးဇုန်တွင် ရေရရှိရေးဆောင်ရွက်ထားရှိမှု၊ အထူးဇုန်တွင် ရေကြီးနစ်မြုပ်ခြင်းမှကာကွယ်ရန် မြောင်းများတူးဖော်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုး

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိုက်ပျိုးမြေငါးဧက၌ တစ်ဧကကို ခြံစည်းရိုးကြက်ဆူပင်နှင့် တစ်ဧကကို ကန်စွန်းဥစိုက်ပျိုးပြီး ကျန်သုံးဧက၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန်၊ ခန့်မှန်းငါးဧက စိုက်ပျိုးလျှင် မြေနှစ်ဧက၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီး ကျန်သုံးဧက၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန်၊ ခြံစည်းရိုးကြက်ဆူပင်ကို ခြံပတ်လည်၌ ခြံစည်းရိုးသဘော စိုက်ပျိုးသွားရန်၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေနစ်မြုပ်မှုမှကာကွယ်ရန် ခြံပိုင်ရှင်များအနေဖြင့် မိမိတို့ခြံရှေ့ရှိ ရေမြောင်းများကို ပိတ်ဆို့မှုမဖြစ်အောင် ရှင်းလင်းရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့နေပြည်သူများ စားသုံးရန်အတွက် လိုအပ်သည့် ဟင်းသီးဟင်းရွက်နှင့် သားငါးများကို လွယ်ကူစွာ စားသုံးနိုင်ရေးအတွက် အထူးဇုန်များကို ထူထောင်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

အဓိကထားစိုက်ပျိုး

စိုက်ပျိုးမွေးမြူသူများအား လုပ်ငန်းများ အောင်မြင်ချောမွေ့စေရန် ဌာနဆိုင်ရာများက အားပေးကူညီသွားရမည်ဖြစ်ကြောင်း၊ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန်အတွက် ကောင်းမွန်သည့်မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်၍ အနာဂတ်ကာလတွင်ရှားပါးလာသည့် လောင်စာဆီပြဿနာကို ဖြေရှင်းနိုင်ရန် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ယင်းသို့စိုက်ပျိုးရာတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးအထူးဇုန်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ မပျောက်မပျက်အောင် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးရာတွင် ဟင်းသီးဟင်းရွက် စိုက်ခင်းများကို မထိခိုက်စေဘဲ ခြံစည်းရိုးပတ်လည်၌ အဓိကထား စိုက်ပျိုးသွားရန်ဖြစ်ကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံအချို့၌ သစ်သီးဝလံစိုက်ပျိုး၍ စီးပွားဖြစ်ထွန်းလျက်ရှိသည့်နည်းတူ မိမိတို့နိုင်ငံ၌လည်း စိုက်ပျိုးရန်မြေများ များစွာရှိနေပြီးဖြစ်ရာ သဘာဝတွင်းထွက် သယံဇာတများကိုချည်း အားကိုးမနေဘဲ စိုက်ပျိုးမွေးမြူရေးကို နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အထူးဇုန်(၂)ရှိ ရှုရပ်မျှော်စင်မှ အထူးဇုန်(၂)၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အထူးဇုန်များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အထူးဇုန်(၃) ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရှုရပ်မျှော်စင်မှ အထူးဇုန်(၃)၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် မြတောင်စာသင်တိုက်ရှိ မြမေတ္တာမျက်စိကုဆေးရုံတွင် တည်ဆောက်လျက်ရှိသော မျက်စိစမ်းသပ်ခန်းတစ်ခန်းအတွက် ကုန်ကျငွေ ကျပ်၁၀သိန်းကို မေ ၃၀ ရက်က ရန်ကုန်မြို့ ၂၇လမ်းနေ အောင်ဆုထူးပိုင်ထီဆိုင်ပိုင်ရှင် ဦးကျင့်ဟူ-ဒေါ်မြင့်မြင့်ဝင်း မိသားစုတို့က လှူဒါန်းရာ မြတောင်စာသင်တိုက်ကိုယ်စား ဦးကျော်မြင့်လက်ခံယူစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

တောင်ကြီးမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ NLD ပါတီဝင်သုံးဦး၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို ထိရောက်စွာ သယ်ပိုးနိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ပါတီဝင်များအဖြစ် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပါတီဝင်အဖြစ် တာဝန်ယူစဉ်ကာလအတွင်း၌လည်း ပါတီ၏တာဝန်များကို ရိုးသားသန့်ရှင်းစွာ ဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီသည် ထိပ်တိုက်ရင်ဆိုင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးကို ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုသည့် မှားယွင်းသည့် မူဝါဒများနှင့် မှားယွင်းသည့် လုပ်ဆောင်ချက်များကို တစ်စိုက်မတ်မတ်လုပ်ဆောင်နေခြင်း၊ NLD ပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်များသည် ပြည်သူလူထုအပေါ်လျစ်လျူရှု၍ အမျိုးသားညီလာခံမှ ၎င်းတို့လူတစ်စု၏ သဘောဆန္ဒအလျောက် ထွက်ခွာခဲ့ခြင်းတို့ကြောင့် NLD ပါတီ၏လုပ်ရပ်များအပေါ် စိတ်ကုန်လာသဖြင့် NLDပါတီဝင်အဖြစ် လုံးဝဆက်လက်ရပ်တည်လိုစိတ်မရှိသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်အဖြစ်မှလည်းကောင်း၊ NLD ပါတီ၏ တာဝန်များမှလည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၀၅)ဖြန့်ချိရောင်းချ

ရန်ကုန် မေ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၀၅)ကို ယနေ့ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ပြုစုထုတ်ဝေ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၀၅)ကို မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့နှင့် မြန်မာ့စွယ်စုံကျမ်းပြုစုရေးအဖွဲ့က ပြုစုထုတ်ဝေခြင်းဖြစ်သည်။ ယခုထုတ်ဝေလိုက်သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၀၅)တွင် အပိုင်းသုံးပိုင်းခွဲခြားတင်ပြထားရာ ပထမပိုင်းတွင် ၂၀၀၄ခုနှစ်အတွင်း တစ်နှစ်တာဖြစ်ရပ်များကို ဖော်ပြထားပြီး ဒုတိယပိုင်းတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၊ လူတိုင်းအတွက် ပညာရေး၊ ဈေးကွက် စီးပွားရေးစနစ်ဖွံ့ဖြိုးစေမည့် ကုန်စည်ပြပွဲများ၊ ကနောင်မင်းသားကြီး ဦးစီးတည်ဆောက်ခဲ့သော ရတနာပုံသင်္ဘောကျင်း၊ မြန်မာစာပေတွင် ဇာတက၏အခန်းကဏ္ဍ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ဆူနာမီရေလှိုင်းကြီးများစသည့် နှစ်ချုပ်ဆောင်းပါး ခုနစ်ပုဒ်ပါရှိသည်။

တတိယပိုင်းတွင် ၂၀၀၄ခုနှစ် အကြောင်းရပ်နှင့် အက္ခရာစဉ်အညွှန်းပါရှိသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၀၅)ကို စက္ကူဖြူချောဖြင့် ပုံနှိပ်ထားပြီး ကြွေစက္ကူရောင်စုံရုပ်ပုံ၊ အဖြူအမည်းပုံ ၁၅ပုံကျော်နှင့် စာမျက်နှာပေါင်း ၃၀၀ကျော် ပါရှိသည်။

ဝယ်ယူရရှိနိုင်

အဆိုပါ စာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန်စာအုပ်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁-၆-၂၀၀၆ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀	၆။	အရေးပြိုင်ပွဲ
၈:၀၅	၇။	အကပဒေသာ
၈:၁၅	၈။	အတီးပြိုင်ပွဲ
၈:၂၅	၉။	စွန်ချောင်းရေလှောင်တမံ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၅	၆။	အဆိုပြိုင်ပွဲ
၁၇:၁၀	၇။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၂၀	၈။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၃၀	၉။	**"အလံလေးတော့ကိုင်ပြပါ"** ဖွဲ့နိုင်ဝင်း၊ ဇော်၊ ပေါ်လေး၊ ချစ်စရာ၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၃၅	၁၀။	တေးဂီတအစီအစဉ်
၁၇:၄၅	၁၁။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၀၀	၁၂။	ညနေခင်းသတင်း
၁၈:၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၄။	ခြံစည်းရိုးကြက်ဆူပင် သုတေသန စံပြဧက၁၀၀စိုက်ခင်း
၁၈:၅၀	၁၅။	ရပ်ရွာပညာပဒေသာ ဖွင့်ပါမနှေး ကျေးလက်ဖွံ့ဖြိုးရေး(အပိုင်း-၁)
၁၉:၀၅	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၁၃)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း-၁၀)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ပို့ဆောင်ရေးကဏ္ဍ လျာထားချက်များပြည့်မီအောင် ဆောင်ရွက် တာဝန်ဝတ္တရားများ မပျက်မကွက် အောင်မြင်အောင်ကြိုးစား

ရန်ကုန် မေ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၅ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၉ ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒေသဆိုင်ရာ တာဝန်ခံများတက်ရောက်ကြသည်။

ကြိုးစားဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးက၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ပို့ဆောင်ရေးကဏ္ဍ၏ လျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ရေး၊ လျာထားချက်ဝင်ငွေ ပြည့်မီရာဖွေနိုင်ရေးနှင့် ရငွေ၊ သုံးစွဲငွေ စိစစ်သုံးစွဲရေး၊ မိမိတို့ ဝန်ကြီးဌာနက ပေးအပ်သော တာဝန်ဝတ္တရားများကိုမပျက်မကွက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရေးနှင့် ဒေသတွင်းအဖွဲ့အစည်းများ၏ သဘောတူဆောင်ရွက်ချက်များကို ဌာနများက ပီပြင်စွာ လိုက်နာ အကောင်အထည်ဖော်ရေးတို့ကို အကျယ်တဝင့်ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒေသဆိုင်ရာ တာဝန်ခံများက မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဒေသအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းများ တိုးတက်မှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းကြီးများ ပြီးစီးမှုအခြေအနေ၊ ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

အမြဲနှလုံးသွင်း

ယင်းနောက် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် တို့က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်တင်ပြကြပြီး ဝန်ကြီးက **"ပို့ဆောင်ခြင်းဖြင့် စီးပွားမြှင့်အံ့"** ဆိုသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏အကျိုးစီးပွားကို ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရေး၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ အကျိုးကို တိုးတက်ဖြစ်ထွန်းအောင် အမြဲနှလုံးသွင်းပြီး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရေး ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမှာစကားပြောကြားစဉ်။
(ပို့ဆောင်ရေး)

အများပြည်သူ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး စီမံချက်ချ တပ်ဆင်ပေးနေ နိုင်ငံတော်နှင့် ပြည်သူ့အကျိုး အစဉ်ဦးထိပ်ထား လုပ်ကိုင် လုပ်ငန်းတာဝန်များ ကျေပွန်အောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၃၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၃၀ ရက်တွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ကြိုးကြိုးစားစားဖြင့် ကျေပွန်အောင် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို အစဉ်ဦးထိပ်ထား၍ လုပ်ကိုင်ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး ဝန်ထမ်းများအား ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည်ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုး လိုက်ပါ၍ လှိုင်မြို့နယ်အတွင်းရှိ အိမ်ထောင်စုများသို့ စီမံချက်ဖြင့် အိမ်သုံးမီတာ တပ်ဆင်ပေးရန် ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လှိုင်မြို့နယ်အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်းနှင့် ပရဟိတ (ကျားကျောင်း)တို့၌ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အိမ်သုံးမီတာရရှိရေး ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး မီတာလျှောက်ထားသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးကိစ္စများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများအား ပြည်သူများ၏ လိုအပ်သည်များကို အမြန် ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

စီမံချက်ချဆောင်ရွက်

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အနေဖြင့် အများပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် စီမံချက်ချဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်တွင် လှိုင်မြို့နယ်နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တို့၌ မီတာ ၃၁၁ လုံး တပ်ဆင်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ ဆောင်ရွက်လျက်ရှိသော (၂၃၀)ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ လက်ထောက် အင်ဂျင်နီယာချုပ် ဦးဇော်ဝိတ်က ပဲခူး (ကမာနတ်) သာကေတ–သန်လျင် (၂၃၀)ကေဗွီ မဟာ ဓာတ်အားလိုင်းနှင့် သန်လျင် (၁၀၀) အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

အန္တရာယ်ကင်းရေး

ယင်းနောက် ဝန်ကြီးက နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်နေသော လုပ်ငန်းဖြစ်၍ လုပ်ငန်းများ အမြန်ပြီးစီးရေး၊ လိုအပ်သော ပစ္စည်းများ အချိန်မီ ရရှိရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်ကြီးဆရာဝန်များအားပူဇော်ပွဲ ရန်ပုံငွေ အထူးရုပ်ရှင်ပွဲများပြသမည်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ သက်ကြီးဆရာဝန်များအား ပူဇော်ကန်တော့ပွဲ ရန်ပုံငွေအတွက် ဇွန် ၃ ရက် (စနေနေ့) နံနက် ၇ နာရီခွဲ တွင် သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ **"တောင်သမန်သစ္စာ"** ရုပ်ရှင်ဇာတ်ကားကိုလည်းကောင်း၊ ဇွန် ၄ ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီခွဲ တွင် သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ **"ဆဋ္ဌဂံ"** ရုပ်ရှင်ဇာတ်ကားကို လည်းကောင်း အထူးရုပ်ရှင်ပြပွဲအဖြစ် ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ် (၆) အခြေခံပညာ အလယ်တန်းကျောင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့၏ ကြီးကြပ်မှုဖြင့် အိမ်သုံးမီတာ ရရှိရေး ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရွှေတောင်ကျောင်းဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက် ကျိုက်ဝိုင်း ရွှေတောင်ကျောင်းဓမ္မရိပ်သာ၌ ကျေးဇူးရှင် လယ်တီဆရာတော်၏ တပည့်အနာဂါမ်ဆရာသက်ကြီး ဥပနိဿယ သမထ ဝိပဿနာ အကျင့်မြတ်(၁၅)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဇွန် ၂၅ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဆရာတော်ဘဒ္ဒန္တ သောဘိတ(သာသနဓဇသိရီပဝရဓမ္မာစရိယ)၊ ဦးဥဋ္ဌောတ(သာသနတက္ကသီလမဟာဓမ္မာစရိယ)၊ ဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) နှင့် ဆရာမကြီးဒေါ်ခင်အေး(စူဠအာဘိဓမ္မိကဝိသိဋ္ဌကလျာဏဉာဏဓဇ)တို့က ဟောပြောပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူများ ရိပ်သာ ဖုန်း–၆၆၇၉၆၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ဇွန် ၂၄ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁–၆–၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ(အပိုင်း–၃)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	တတိယအကြိမ် ဘော်လီဘောမိသားစု လူမှုရေးအသင်း၏ သက်ကြီးပူဇော်ပွဲအခမ်းအနား
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	ဇော်ပိုင်နှင့် သူ၏အနုပညာခရီးလမ်း
၈း၅၀	မိုးလေဝသခန့်မှန်းချက်
၈း၅၅	နှလုံးသွေးကြောကျဉ်းရောဂါ ဟောပြောချက် အပိုင်း(၂)
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	မြေအိုးထမင်းနှင့် အခြားအရံဟင်းများအပိုင်း(၁) (မြေအိုးထမင်း၊ ရဲယိုရွက်ငါးရူ အကြွပ်ကြော်၊ ပန်းငရုတ်ပွ ပုစွန်အစာသွတ်)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	စောင့်ရှောက်ခြင်းသည်ဒို့တာဝန်၊ စောင့်ရှောက်ခြင်းသည် မျှဝေမှု
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	အခြေခံ ဘော်လီဘော ကစားနည်း နည်းစနစ်များအပိုင်း(၂)
၁၀း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀	အာဟာရနှင့်ကျန်းမာရေး (ကျောက်ဘီလူးတင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွှေအလှ
၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅	စံပြမူကြို သင်ယူလေ့ကျင့်မှုအစီအစဉ်
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	ဖွားချို(စံရှားတင်၊ ဝါးခယ်မရဲမောင်)
၁၁း၅၀	Say it in English(2)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

တာမွေမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

ရန်ကုန် မေ ၃၁

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာရေးဦးစီးဌာန တာမွေမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးလှူဒါန်းပွဲအခမ်းအနားကို မေ ၃၀ရက် နံနက်၉နာရီက တာမွေ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၃) ဖွဲ့ခန်းမတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးဦးဝမ်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်နွယ်နွယ်အေးနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ကျောင်းသား မိဘများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်က ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ယင်းနောက် ကျောင်းအပ်နှံရေး၊ အလှူငွေပေးအပ်ခြင်းနှင့် စာရေးကိရိယာများ လှူဒါန်းပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် **(ဝဲပုံ)**၊ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်အေးနှင့် တာဝန်ရှိသူများက အလှူငွေများကို လက်ခံကာ ကျောင်းသူကျောင်းသားများအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

တာမွေမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးလှူဒါန်းပွဲတွင် စာရေးကိရိယာ ကျောင်းသုံးစာအုပ်များ အပါအဝင် ငွေသားကျပ် ဆယ်သိန်းလေးသောင်းကျော် အလှူခံရရှိကြောင်း သိရသည်။ **(က–ပ)**

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဆေးလိပ်ဆေးရွက် ဆွဲဆောင်အား၊ အသက်အန္တရာယ် သတိထား၊ တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား

မေလ ၃၁ ရက်နေ့သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၉ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာခဲ့ပါသည်။ နှစ်စဉ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်သောဆောင်ပုဒ်များကို မြန်မာဘာသာသို့ပြန်ဆိုပြီး ၎င်းဆောင်ပုဒ်များ၏ ရည်မှန်းချက်များအတိုင်း တစ်နှစ်ပတ်လုံး လှုပ်ရှားဆောင်ရွက်ခဲ့ကြပါသည်။ ဥပမာအားဖြင့် ၂၀၀၂ခုနှစ် ဆောင်ပုဒ်ဖြစ်သော Tobacco Free Sports: Play it Clean ကို **"ဆေးလိပ် ဆေးရွက် မပတ်သက်၊ အားကစားသက်သက် ဒို့ချီတက်"** ဟူ၍ ဘာသာပြန်ဆိုပြီး ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ သုဝဏ္ဏအားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံမှ ဂုဏ်ပြုသဝဏ်လွှာကို အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ပေးပို့ခဲ့ပါသည်။ အလားတူ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ဗဟိုအဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်နှင့် မြို့နယ်အဆင့်များတွင် ဆောင်ရွက်ခဲ့ရာ နီးနွှယ်သောဌာနဆိုင်ရာများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဝိုင်းဝန်း၍ ပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်သူလူထုအတွင်းတွင် ဆေးရွက်ကြီးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာကြသည်ကို တွေ့ရပါသည်။

ဆေးရွက်ကြီးကို မည်သည့်ပုံစံဖြင့် ထုတ်သည် ဖြစ်စေ၊ မည်သို့ပင် အန္တရာယ်မရှိကြောင်း ကြေညာသည်ဖြစ်စေ ဆေးရွက်ကြီးကို အခြေခံ၍ ပြုလုပ်သော ပစ္စည်းမှန်သမျှသည် လူ၏အသက်ကို အန္တရာယ် ပေးနိုင်သည်သာ။

ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့မတိုင်မီ မေလ ၄ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သဖြင့် ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့သည် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလျက်ရှိပေသည်။ ဤဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုကြောင့် ကျန်းမာရေး ထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့ ပိုမိုနားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ထွက်ပစ္စည်း သောက်သုံးမှုကို ရှောင်ကြဉ်လာကြမည် ဖြစ်ပါသည်။ ဤသို့ ရှောင်ကြဉ်လာကြသည်နှင့်အညီ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပွားနိုင်သောနှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာနှင့် အခြားကင်ဆာရောဂါအမျိုးမျိုးဖြစ်ပွားမှု၊ သေဆုံးမှုများ လျော့နည်းကျဆင်းလာမည်ဖြစ်ပါသည်။ ထို့ပြင် ဤဥပဒေတွင် ဆေးလိပ်သောက်ခွင့်မရှိသောနေရာများ သတ်မှတ်ဖော်ပြထားသဖြင့် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရခြင်းကြောင့် ဖြစ်ပေါ်လာရသောရောဂါများမှ ကင်းဝေးပြီး ပြည်သူများ စိတ်အေးချမ်းကြည်လင်မှု ပိုမိုရရှိလာမှာ ဖြစ်ပါသည်။ အဆိုပါ ကောင်းကျိုးများကိုရရှိစေနိုင်ပြီး အများပြည်သူများ၏ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို လှိုက်လှဲစွာ ကြိုဆိုထောက်ခံအပ်ပါသည်။

၂၀၀၆ ခုနှစ် ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်မှာ Tobacco: deadly in any form or disguise "ဆေးလိပ် ဆေးရွက် ဆွဲဆောင်အား၊ အသက်အန္တရာယ်သတိထား၊တွန်းလှန်နိုင်ဖို့ဒို့ကြိုးစား" ဟူ၍ ဖြစ်ပါသည်။ ယင်းဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ဆေးရွက်ကြီးကို အခြေခံ၍ပြုလုပ်ထားသော ဆေးလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးထွက်ပစ္စည်း မှန်သမျှသည် အသက်အန္တရာယ်ပေးနိုင်သည်ချည်းသာ ဖြစ်ကြောင်း၊ ဆေးရွက်ကြီးကို ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိရာတွင် မည်သည့်ပုံစံဖြင့် ထုတ်စေကာမူ အသက်အန္တရာယ်ရှိကြောင်း၊ 'light', 'mild' စသော စကားလုံးများ သုံးထားသော်လည်း နီကိုတင်းနှင့် ကတ္တရာပါဝင်မှုမှာ အန္တရာယ်ရှိဆဲဖြစ်သည့်အတွက် ဆေးလိပ်အန္တရာယ်ကို တွန်းလှန်ရန်လိုကြောင်း အများပြည်သူကို သတိပေးလိုရင်းဖြစ်ပါသည်။ စီးကရက်လုပ်ငန်းရှင်များသည် မိမိတို့၏ စီးကရက်များကို ပုံစံအမျိုးမျိုးပြောင်းပြီး ကြော်ငြာလေ့ရှိပါသည်။ ယခုအခါ ဆေးလိပ်သောက်ခြင်း၏ အန္တရာယ်ကို လူအများ အတော်ပင်သိရှိလာပြီဖြစ်သည့်အလျောက် စီးကရက်ဖြတ်ရန်၊

ဒေါက်တာ ညိုညိုကြိုင်

မဖြတ်နိုင်သေးက လျှော့သောက်ရန်၊ သို့မဟုတ် အထိုက်အလျောက် ဆေးစပ်ပေ့ါမည်ဟု ယူဆရသောစီးကရက်ကို ပြောင်းသောက်ရန် ကြိုးစားလျက်ရှိကြပါသည်။ ဤအချက်ကို သိမြင်ကြသော စီးကရက်လုပ်ငန်းရှင်များက စီးကရက်ကို ပုံစံအမျိုးမျိုးဖြင့် ပြောင်းလဲထုတ်လုပ်လာကြပါသည်။ နီကိုတင်းနှင့် ကတ္တရာပါဝင်မှုနည်းကြောင်း အမျိုးမျိုးကြော်ငြာပြီး စီးကရက်ရောင်းအား ကျဆင်းမသွားစေရေးအတွက် ကြိုးပမ်းလျက်ရှိကြပါသည်။ ဤလုပ်ဆောင်ချက်များသည် ဆေးလိပ်အန္တရာယ် အစစ်အမှန်ကို ဖုံးကွယ်ပြီး လူအများကို ထင်ယောင်ထင်မှားဖြစ်စေရန် လှည့်ဖြားသော ဟန်ဆောင်လှည့်ကွက်များ ဖြစ်ပါသည်။ အန္တရာယ်နည်းသည်ဟု ကြော်ငြာ၍ ထုတ်လုပ်နေသော အဆိုပါစီးကရက်များတွင် လူ၏အသက်ကို တိုစေသော ဓာတ်ပစ္စည်းများစွာ ပါဝင်ဆဲဖြစ်သည်။ စင်စစ် ဆေးလိပ်သောက်သူများသည် ဆေးလိပ်ပြောင်းသောက်သောအခါတွင် မိမိရှူရှိုက်နေကျ နီကိုတင်းပမာဏကို မရမချင်း အားမရသည့်အတွက် ပိုရှိုက်ဖွာခြင်း၊ စီးကရက်အရေအတွက် ပိုသောက်ခြင်းစသည်တို့ကို ပြုလုပ်တတ်သည်။ မိမိကိုယ်မိမိ ပျော့သောစီးကရက်ကို သောက်သည်ဟု ယူဆသည့်အတွက် အန္တရာယ်မရှိဟု ယုံမှားတတ်သည်။ အမှန်စင်စစ် ဆေးလိပ်ကိုတိခနဲဖြတ်ခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။ ဆေးလိပ်အရေအတွက် လျှော့သောက်ခြင်း၊ ဆေးလိပ်ပြောင်းသောက်ခြင်းတို့သည် ထိရောက်မှုမရှိဘဲ မိမိကိုယ်မိမိ လှည့်ဖြားမှုသာ ဖြစ်ကြောင်း အသိပေးလိုပါသည်။

၂၀၀၆ခုနှစ် ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်၏ အခြားရည်ရွယ်ချက်တစ်ရပ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ရေးဆွဲအတည်ပြုခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွင် ပါဝင်သောကဏ္ဍများအနက် တစ်ခုဖြစ်သော Product Regulation and Disclosure ဟူသော ကဏ္ဍကိုမီးမောင်းထိုးပြလိုခြင်းဖြစ်သည်။ **မြန်မာနိုင်ငံ အပါအဝင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအတွင်း ထုတ်လုပ်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ အားလုံးသာမက မိမိတို့နိုင်ငံအတွင်းသို့ တင်သွင်းလာသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများအားလုံးတွင်ပါဝင်သော ကတ္တရာ၊ နီကိုတင်းစသော ဓာတ်ပစ္စည်းများ၏ ပမာဏကို လည်းကောင်း၊ ဆေးလိပ်ကို မီးရှို့လိုက်လျှင် ထွက်ရှိလာသော မီးခိုးငွေ့တွင်ပါဝင်သောဓာတ်ပစ္စည်းများ၏ ပမာဏကို လည်းကောင်း စနစ်တကျစမ်းသပ်ပြီး ဆေးလိပ်ဘူးခွံတွင် ထင်ရှားစွာ ဖော်ပြရန် တာဝန်ရှိ**သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဓာတ်ပစ္စည်းများ ပါဝင်မှုကို ဓာတ်ခွဲစမ်းသပ်နိုင်ရန်အတွက် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများက နည်းပညာနှင့် ရန်ပုံငွေ ဝိုင်းဝန်းပံ့ပိုးပေးရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၀၄ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော(Types and Constituents of Tobacco Products Used in Myanmar) သုတေသနအရ မြန်မာနိုင်ငံတွင် ထုတ်လုပ်လျက်ရှိသော စီးကရက်၊ ဆေးပေါ့လိပ်၊ ကွမ်းယာ စသည်တို့တွင်ပါဝင်သော နီကိုတင်းပမာဏမှာ သတ်မှတ်စံနှုန်းထက် များစွာကျော်လွန်ပါဝင်နေကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်၍ မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့် စီးကရက်၊ ဆေးလိပ် စသည်တို့တွင် ပါဝင်သည့် နီကိုတင်း၊ ကတ္တရာစသည်တို့၏ ပမာဏကို စမ်းသပ်မှုများ ပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်သည်။ **ဆေးရွက်ကြီးကို မည်သည့်ပုံစံဖြင့်ထုတ်သည်ဖြစ်စေ၊ မည်သို့ပင် အန္တရာယ်မရှိကြောင်း ကြေညာသည်ဖြစ်စေ ဆေးရွက်ကြီးကို အခြေခံ၍ ပြုလုပ်သော ပစ္စည်းမှန်သမျှသည် လူ၏အသက်ကို အန္တရာယ်ပေးနိုင်သည်သာ** ဖြစ်သည်။ မြန်မာနိုင်ငံသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်းဆိုင်ရာ ဥပဒေကိုလည်း ပြဋ္ဌာန်းရန် တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းနိုင်ပြီဖြစ်သည်။ ဥပဒေပြဋ္ဌာန်းပြီးသည့်အတိုင်း ဥပဒေပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရန်အတွက် နီးနွှယ်သောဝန်ကြီးဌာနအားလုံးသာမက ဆေးလိပ်၊ စီးကရက်လုပ်ငန်းရှင်များ၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများနှင့် အတူ ပြည်သူတစ်ရပ်လုံးတွင် တာဝန်ရှိလာသည်။ သို့မှသာ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ရပ်လုံး ဆေးလိပ်အန္တရာယ်မှ ကင်းဝေးနိုင်မှာ ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအတွင်း ထုတ်လုပ်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအားလုံးသာမက မိမိတို့နိုင်ငံအတွင်းသို့ တင်သွင်းလာသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများအားလုံးတွင် ပါဝင်သော ကတ္တရာ၊ နီကိုတင်း စသော ဓာတ်ပစ္စည်းများ၏ ပမာဏကိုလည်းကောင်း၊ ဆေးလိပ်ကို မီးရှို့လိုက်လျှင် ထွက်ရှိလာသော မီးခိုးငွေ့တွင် ပါဝင်သောဓာတ်ပစ္စည်းများ၏ ပမာဏကိုလည်းကောင်း စနစ်တကျ စမ်းသပ်ပြီး ဆေးလိပ်ဘူးခွံတွင် ထင်ရှားစွာဖော်ပြရန် တာဝန်ရှိ။

သို့ပါ၍ ယခုနှစ်ဆောင်ပုဒ်အတိုင်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိသော ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုး၏ အန္တရာယ်ကို တွန်းလှန်နိုင်ရန်အတွက် ကျန်းမာရေးပညာရှင်များနှင့်အတူ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဝိုင်းဝန်း၍ အင်တိုက်အားတိုက် တွန်းလှန်တိုက်ဖျက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

လုံပဟောကျေးရွာစာကြည့်တိုက်သို့ စာအုပ်များနှင့် ငွေပဒေသာပင်လှူဒါန်း

ရန်ကုန် မေ ၃၁

မကွေးတိုင်း ဂန့်ဂေါမြို့နယ် လုံပဟောကျေးရွာ ကိုယ့်အားကိုယ်ကိုး မိုးသောက်ပန်း စာကြည့်တိုက်သို့ စာအုပ်များနှင့် ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲကို မေ ၂၀ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ရန်ကုန်မြို့ မစိုးရိမ်ကျောင်းတိုက်မှ ဘဒ္ဒန္တပညာသေဋ္ဌက စာအုပ်မျိုးစုံ အုပ် ၃၅၀ ကိုလည်းကောင်း၊ ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာအုပ်မျိုးစုံ အုပ် ၆၀ ကိုလည်းကောင်း မိုးသောက်ပန်း စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်ဝင်းထံသို့ ပေးအပ်သည်။

စုပေါင်းထည့်ဝင်

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာမြက ကျေးရွာနေပြည်သူများက စုပေါင်း ထည့်ဝင်လှူဒါန်းသည့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သောင်းခွဲကို စာကြည့်တိုက်မှူး ဦးတျာစန်းထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်မှု ဝိုင်းဝန်းကူညီဆောင်ရွက်ခို့။

၂၀၀၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၄၁၇၇) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက် ပြည်သူယုံကြည်သော ဝန်ကြီးဌာနဖြစ်အောင်ကြိုးပမ်း

ရန်ကုန် မေ ၃၁

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက် နံနက်ပိုင်းက ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အစည်းအဝေးသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်နှင့်တိုင်း ဦးစီးမှူးများ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ အကျဉ်းထောင်၊ အလုပ်စခန်းတာဝန်ခံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မှူးခင်းတပ်ဖွဲ့မှူးနှင့် ရဲမှူးချုပ်များ၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးနှင့်ခရိုင်၊ မြို့နယ် အထွေအထွေ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ဝန်ကြီးက ဒို့တာဝန်အရေးသုံးပါးနှင့် အမျိုးသားရေးစိတ်ဓာတ်ကို အလေးထားဆောင်ရွက်ရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရေး၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၏ ထိုးနှက်ချက်များ၊ အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ သတင်းရရှိရေး၊ လုံခြုံရေး၊ ပြန်လည်တုံ့ပြန်ဖြေရှင်းရေး၊ အဖျက်အမှောင့်သမားများအား စုံစမ်းဖော်ထုတ်ရေး၊ မိမိထမ်းဆောင်ရသည့်လုပ်ငန်းတာဝန်ကို အခွင့်ကောင်းယူ၍ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်းများ ရှောင်ကြဉ်ရေး၊ ပြည်သူက ယုံကြည်ကိုးစားသော ဝန်ကြီးဌာနဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စီမံချက်နှင့်အညီ ကြက်ဆူပင်အပါအဝင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေး၊ ဌာနအချင်းချင်း ပူးပေါင်းကူညီဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**

မေ ၂၈ ရက်က (၅၈)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲ စာအောင်သံဃာတော်အရှင်သူမြတ် ၄၈ ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၁၅ တိပိဋကရက္ခိတဗိမာန်တော်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အဖွဲ့နာယကများနှင့် ဒေ့ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (မြန်မာ့အလင်း)

မဟာဓာတ်အားလိုင်းများ သတ်မှတ်ကာလ အချိန်မီပြီးစီးရေး လုပ်ငန်းကြန့်ကြာမှုမရှိစေရန် စနစ်တကျစီစဉ်ဆောင်ရွက်

ရန်ကုန် မေ ၃၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုး လိုက်ပါလျက် မေ ၂၈ ရက်က လှော်ကားသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံ၏ဓာတ်အားထိန်းချုပ်ခန်းနှင့် စက်များလည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အစည်းအဝေးခန်းမ၌ စက်ရုံမှူးကသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးစက်များ လည်ပတ်နေမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု၊ လှော်ကားပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားရရှိဖြန့်ဖြူးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်များစွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ရေး၊ စက်ကြံ့ခိုင်ရေးကိစ္စရပ်များ မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများအားတွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် လုပ်ငန်းများကိုတိကျစွာကျေပွန်အောင် ဆောင်ရွက်ရေး၊ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံ၏ဓာတ်အားထိန်းချုပ်ခန်းများ၊ စက်များလည်ပတ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းတင်ပြကြသည်။ ယင်းနောက် စက်ရုံခန်းမ၌ စက်ရုံမှူးက စက်ရုံသမိုင်းကြောင်းနှင့် စက်များလည်ပတ်မှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပြည်သူများလျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ငွေကြေးအမြောက်အမြားကုန်ကျခံ၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက် ထုတ်လုပ်နေရာ တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွား ရန်လိုအပ်ကြောင်း၊ လျာထားသတ်မှတ်ချက်ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

စနစ်တကျကြိုတင်စီစဉ်

ထို့နောက် ဝန်ကြီးသည် ၂၃၀ ကေဗွီ လှိုင်သာယာ ဓာတ်အားခွဲရုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက မြောင်းတကာ–လှိုင်သာယာ–ရေကြည်–အသုတ် မဟာဓာတ်အားလိုင်း တည်ဆောက်နေမှုအခြေအနေ၊ ၂၃၀ ကေဗွီ လှိုင်သာယာဓာတ်အားခွဲရုံ တည်ဆောက်နေမှု အခြေအနေနှင့် ပစ္စည်းများ ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မဟာဓာတ်အားလိုင်းများကို လိုအပ်ချက်အရ တည်ဆောက်ရသည်ဖြစ်ရာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ မိုးရာသီ ရောက်ရှိလာတော့မည်ဖြစ်၍ လုပ်ဆောင်နိုင်သည့် လုပ်ငန်းများကို နှောင့်နှေး ကြန့်ကြာမှုမရှိစေရန် စနစ်တကျ ကြိုတင်စီစဉ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် မြောင်းတကာ– လှိုင်သာယာ မဟာဓာတ်အားလိုင်း ၊ လှိုင်သာယာ–ရေကြည်–အသုတ် မဟာဓာတ်အား လိုင်း၊ ၂၃၀ ကေဗွီ လှိုင်သာယာ ခွဲရုံ တည်ဆောက်နေမှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး လိုအပ်သည်များ ကူညီပံ့ပိုးသွားမည်

ရန်ကုန် မေ ၃၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview ဟိုတယ်သို့ရောက်ရှိပြီး တာဝန်ရှိသူများက ဟိုတယ်အတွင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးသည် Yangon International ဟိုတယ်၊ Pan Seaဟိုတယ်နှင့် Savoy ဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ဗဟန်းမြို့နယ် ရွှေဂုံတိုင် ယုဇနကွန်ဒိုတာဝါ အခန်း(၆၀၉/ B)ရှိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းသို့ ရောက်ရှိရာ အသင်းဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက အသင်းအစည်းအဝေးခန်းမ၌ ခရီးသွားလုပ်ငန်းရှင်များအသင်း စတင်ပေါ်ပေါက်လာပုံ၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မိမိတို့အနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်းနှင့် အသင်းသားများကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရေးရာဦးစီးဌာန ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် မေ ၃၁

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သည့် အခမ်းအနားကို မေ ၂၉ ရက်က ယင်းဦးစီးဌာန၌ ပြုလုပ်ရာ တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူ ၃၉ ဦးတို့အား ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှက ပညာသင်ထောက်ပံ့ကြေးများ အသီးသီးပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းနှင်းဆီကုန်း(က)ရပ်ကွက် ငမိုးရိပ် ဂျိုးဖြူ မင်္ဂလာရေပိုက်ဖွင့်

ရန်ကုန် မေ ၃၁

သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးဆောင်ရွက်ပြီးစီးသည့် သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်း(က)ရပ်ကွက် ငမိုးရိပ် ဂျိုးဖြူ မင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲက သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်း(က)ရပ်ကွက် ပျဉ်းမမြိုင်လမ်းနှင့် ဇေယျာသုခလမ်းဆုံရှိ မုခ်ဦးရှေ့၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း (အပေါ်ပုံ) **နှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်အားပေးကြပြီး မင်္ဂလာရေပိုက်ကို ဖွင့်လှစ်ပေးကြသည်။**

အခမ်းအနားတွင် မင်္ဂလာအချိန်ကျရောက်သည်နှင့် မုခ်ဦးရှေ့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ သဃ်န်းကျွန်းမြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ရပ်ကွက် ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်နှင့် ရပ်မိရပ်ဖ ဦးခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့်ဒုတိယမြို့တော်ဝန်တို့က ဇေယျာသုခလမ်းနှင့်ပျဉ်းမမြိုင်လမ်းဆုံရှိ ငမိုးရိပ် ဂျိုးဖြူရေပိုက်ဘားများကို လှည့်၍ ဖွင့်လှစ်ပေးကြပြီး သောက်သုံးရေ ကြည်လင်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ဇေယျာသုခလမ်းရှိ သဃ်န်းကျွန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၄) ခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံသို့ ရပ်ကွက်နေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၁၁၇၀ ကို ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးလှစိုးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်မည့်အသင်းများ နိုင်ငံတကာချစ်ကြည်ရေးပွဲများဖြင့် ခြေစွမ်းပြ

စုစည်းတင်ပြသူ မြင့်မောင်စိုး

ပါရီ မေ ၃၁

၂၀၀၆ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျာမနီဘောလုံးအသင်းသည် ကမ္ဘာ့ဖလားပွဲကြိုအဖြစ် လူဇင်ဘတ်ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပွဲယှဉ်ပြိုင်ကစားရာ ဂျာမနီက ခုနစ်ဂိုး-ဂိုးမရှိသွင်းပြီး ၎င်း၏ကမ္ဘာ့ဖလားတွင် တွေ့ရမည့် ခြေစွမ်းကို ထုတ်ဖော်ပြသလိုက်သည်။

လူဇင်ဘတ်ကို ယင်းကဲ့သို့ ဂျာမနီအသင်းက အနိုင်ရရှိခြင်းဖြင့် ဂျာမနီအသင်းသည် ဥရောပ၏ ခြသေ့်အဖြစ် ခြိမ်းခြောက်ပြလိုက်သည်။

တစ်နည်းအားဖြင့် အိမ်ရှင်ဂျာမနီအသင်းသည် ဇွန်၉ ရက်တွင် ကစားမည့်အဖွင့်ပွဲစဉ် ကော့စတာရီကာနှင့် ပွဲစဉ်အတွက် အကြောလျှော့ လေ့ကျင့်ခန်းလုပ်လိုက်ခြင်းဖြစ်သည်။

အောင်ပွဲခံ

ဂျာမနီတိုက်စစ်မှူးလူးကက်ပိုဒေါလ်စကီးလူဇင်ဘတ်အသင်းသို့ ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။

ဂျာမန်တိုက်စစ်မှူးအားလုံးက ဂိုးပေါက်ထဲမှ ဘောလုံးများကို ရှာဖွေနိုင်ခဲ့ကြသည်။ ဝါဒါဘရီမင်တိုက်စစ်မှူးမီရိုဆလဗ်ကလိုဆေးက ဂျာမနီအသင်းအတွက် ဆွမ်းကြီးလောင်းဂိုးနှစ်ဂိုးသွင်းပေးချိန်တွင် ပိုလန်ဖွားလူးကက်ပိုဒေါလ်စကီးက နှစ်ဂိုးသွင်းပေးထားသော အိုလီဗာနျူဗယ်လ်လီအစားဝင်လာပြီး ရဲရင့်ပြောင်မြောက်စွာ တစ်ဂိုးသွင်းပြလိုက်သည်။

ဂျာမန်ကစားသမား တော်စတန် ဖရင်းခ်ကလည်း ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားအကြိုက လူဇင်ဘတ် အသင်းကိုခုနစ်ဂိုး-ဂိုးမရှိ အနိုင်ရခဲ့သည့် စံချိန်ကိုချိုး၍ ထပ်ဆင့်ဂိုးသွင်းပြလိုက်ပြန်သည်။

သရေ

ဂျာမနီအသင်းက တစ်ဖက်သတ် အောင်ပွဲဆင်ပျော်ရွှင်နေချိန်တွင် ပြင်သစ်နှင့် နယ်သာလန်အသင်းတို့က ယင်းတို့၏ ပြိုင်ဘက်များဖြစ်ကြသည့် မက္ကဆီကိုနှင့် ကင်မရွန်းအသင်းတို့ကို တစ်ဂိုးစီသာသွင်းပြနိုင်ခဲ့သည်။

ပြင်သစ်ကွင်းလယ်ဖန်တီးရှင် ဇီဒန်းက သူ၏ နိုင်ငံကိုယ်စားပြုအသင်းအတွက်ပွဲ ၁၀၀ မြောက် ပါဝင်ကစားချိန်တွင် ဖလောရင့် မာလူဒါက တစ်ဂိုး- ဂိုးမရှိဖြင့် ပြင်သစ်အသင်းအတွက် ကျေးဇူးပြုလိုက်သည်။

ဇီဒန်းသည် လွန်ခဲ့သောရှစ်နှစ်ခန့်က ပြင်သစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ဘရာဇီးအသင်းကို အနိုင်ရရှိရာတွင် ခေါင်းတိုက်ဂိုးဖြင့် ဂိုးသွင်းယူပေးခဲ့သူလည်းဖြစ်သည်။

မာလူဒါသည် ဆစ်ဆီ ဖြတ်ပို့လိုက်သော ဘောလုံးမှ တစ်ဆင့် အပိုင်ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

နယ်သာလန်အသင်းသည် ကင်မရွန်းအသင်းကို တစ်ဂိုး-ဂိုးမရှိ အနိုင်ရရှိခဲ့ခြင်းဖြင့် ဂျာမနီတွင် စောင့်ကြည့်ရမည့် ဘောလုံးအသင်းတစ်သင်းဖြစ်သည်ကို သတိပေးလိုက်ခြင်း ဖြစ်သည်။

ရူဗင်နစ္စတယ်ရွိုင်းက ၎င်း၏ နိုင်ငံတကာပွဲ ၅၀ မြောက်ပွဲနှင့်အတူ အနိုင်ဂိုး သွင်းပေးလိုက်သည်။ ရူဗင်နစ္စတယ်ရွိုင်းသည် ဖာဂူဆန်နှင့် မပြေမလည်ဖြစ်ပြီးနောက် မန်ယူမှ ထွက်ခွာရန် ကြိုးစားနေသူ ဖြစ်သည်။

ယင်းဂိုးသည် နယ်သာလန်အသင်း နိုင်ငံတကာပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ရာစုနှစ်တစ်ဝက်အတွင်း နစ္စတယ်ရွိုင်း၏ ၂၆ဂိုးမြောက် ဂိုးဖြစ်သည်။

နယ်သာလန်အသင်းသည် ကမ္ဘာ့ဖလားအုပ်စု(ဂ)တွင် ပါဝင်ရာ အိုင်ဗရီကို့စ်၊ အာဂျင်တီးနား၊ ဆားဘီးယားနှင့် မွန်တီနီဂရိုးအသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အိုင်ဗရီလို့စ်အသင်းသည် ဆွစ်ဇာလန်နှင့်ယှဉ်ပြိုင်ကစားရာတွင် တစ်ဂိုးစီသရေကျခဲ့သည်။ စပိန်အသင်းသည် ရုရှားနှင့် ခြေစမ်းရာတွင် ဂိုးမရှိ သရေကျ၍ စိတ်ပျက်နေသည်။

ပါရာဂွေး၊ ထရီနီဒက်နှင့် တိုဘာဂို အသင်းတို့သည်လည်း ရှန်းကန်နေကြရသည်။ ထရီနီဒက်နှင့်တိုဘာဂိုအသင်းသည် ဝေလအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပါရာဂွေးအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ မအောင်သော ဒိန်းမတ်အသင်း၏ တစ်ဂိုး-တစ်ဂိုး သရေဆွဲထားခြင်းကို ခံလိုက်ရသည်။ **အေအက်ဖ်ပီ**

မြန်မာနိုင်ငံ ဂူရှုးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးကျော်ကျော်၁၂နှစ်အထက် အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

နွေရာသီအခြေခံဝူရှုးပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ ဂူရှုးအဖွဲ့ချုပ်နှင့် ဂရိတ်ဝေါတိုင်းရင်းဆေးကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် နွေရာသီအခြေခံ ဂူရှုးပြိုင်ပွဲကို မေ ၃၀ရက် နံနက် ၈နာရီခွဲက စ၍ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမတွင် ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဂူရှုးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးကျော်ကျော်၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအေးချိုတူး၊ ဦးတင်နိုင်နှင့် ဦးခွန်ဂျာအောင်၊ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်ဂူရှုးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ချန်းချွမ်ပြိုင်ပွဲ၏ အသက် ၁၂နှစ်အထက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၂နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ကျင်းပပြီး ပြိုင်ပွဲသို့ အားကစားသမား စုစုပေါင်း ၁၀၂ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အသက် ၁၂နှစ်အထက် အမျိုးသားချန်းချွမ်ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံဂူရှုးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က အသက် ၁၂နှစ်အထက် အမျိုးသမီးချန်းချွမ်ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ အသက် ၁၂နှစ်အောက် ချန်းချွမ်အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲဆုရရှိသူများကို ဂူရှုးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆက်လက်ချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

ကြိမ်လက်မှု အနုပညာပစ္စည်းများ ထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ

ရန်ကုန် မေ ၃၁

အာဆီယံနိုင်ငံများ၏ ကြိမ်လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ကော်မတီအတွင်းရေးမှူး အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း၊ ညွှန်ကြားရေးမှူးများ၊ မြန်မာ့သစ်လုပ်ငန်းနှင့် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ စိတ်ဝင်စားသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအတွင်းရေးမှူး အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက ဆက်လက်ကျင်းပမည့် ဒုတိယနေ့အစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကိုကျင်းပရာ အာဆီယံနိုင်ငံများမှ စာတမ်းရှင်ငါးဦးတို့က စာတမ်းပေါင်းငါးစောင်ကို တင်သွင်းဖတ်ကြားကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

ရန်ကုန် မေ ၃၁

မေ ၃၁ ရက် မြန်မာစံတော်ချိန် နံနက် ဝ၂ နာရီ ၁၅ မိနစ် ဝဝ စက္ကန့်အချိန်တွင် စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၁၅၀ ခန့်ကွာဝေးသော ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် မေ ၃၁

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၁၀၂၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၀၀ သို့ ရောက်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၇ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အမှတ်(၂၀)မူလတန်းလွန်ကျောင်း မြေကွက်လပ်တွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးရွှေဘတို့ ကြီးကြပ်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (က-ပ)

ထူးခြားမြစ်ရေ အခြေအနေ

ရန်ကုန် မေ ၃၁

လွန်ခဲ့သော လေးရက်အတွင်းက ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် စင်တီမီတာ၇၃၀ (၂၄ ပေခန့်)၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၆၆၃စင်တီမီတာ (၂၂ပေခန့်) မြင့်တက်ခဲ့သည်။ ယင်းတို့၏ အရှိန်ကြောင့် နောက်သုံးရက်မှ ခုနစ်ရက်အတွင်း ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် စင်တီမီတာ၄၂၀ (၁၄ ပေခန့်)၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် စင်တီမီတာ၃၅၀(၁၂ပေခန့်) လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က)မှ အသင်းများ အနေအထားကို သုံးသပ်ခြင်း

ကမ္ဘာ့ဖလား သတင်းဂယက်

ဘာလင် မေ ၃၁

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကျင်းပရန် ရှစ်ရက်မျှသာလိုတော့သည်။ ပြိုင်ပွဲနီးကပ်လာသည်နှင့်အမျှ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘောလုံး အသင်းများအပေါ် ကမ္ဘာတစ်ဝန်းမှ ဘောလုံးပရိသတ်များ အာရုံစူးစိုက်မှု ပိုများလာလျက်ရှိရာ အုပ်စုအလိုက် အနေအထားကို မြန်မာ့အလင်း ဘောလုံးဝါသနာအိုးများအတွက် ဖော်ပြလိုက်ပါသည်။

အုပ်စု(က)

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စုရှစ်အုပ်စု ခွဲထားရာ အိမ်ရှင်ဂျာမနီတို့အုပ်စု(က)၌ ပါဝင်နေသည်။ ဂျာမနီနှင့်အတူ ကော့စတာရီကာ၊ ပိုလန်နှင့် အီကွေဒေါတို့ တစ်အုပ်စုတည်းကျလျက်ရှိရာ ယေဘုယျ သုံးသပ်မှုအရ အိမ်ရှင်ဂျာမနီတို့ အုပ်စုမှ တက်ရန် အခြေအနေကောင်းလျက် ရှိသည်။

သမိုင်းမှတ်တမ်းကောင်း

ယခု ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အိမ်ရှင်အဖြစ် ခြေစစ်ပွဲ အလိုအလျောက် အောင်မြင်ခဲ့သော်လည်း ၁၉၅၄၊ ၁၉၇၄၊ ၁၉၉၀ ပြည့်နှစ်များ၌ ကမ္ဘာ့ဖလားချန်ပီယံ ဖြစ်ခဲ့ဖူးသည့် သမိုင်းမှတ်တမ်းကောင်း ရှိနေသည်။

စိတ်ဓာတ်မြှင့်တင်ပေး

သမိုင်းကြောင်းအရ ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၃ကြိမ်တွင် အိမ်ရှင်အသင်းများ ဗိုလ်စွဲခဲ့သည်မှာ ခြောက်ကြိမ်ရှိခဲ့ရာ သမိုင်းအစဉ်အလာအရ ဂျာမနီတို့ဗိုလ်စွဲရန် ရာနှုန်း ၅၀ ခန့် ရှိနေသည်။ ထို့အပြင် ပထမအကြိမ် ချန်ပီယံ ဖြစ်ခဲ့ပြီး ဒုတိယအကြိမ် ချန်ပီယံ ဖြစ်ခဲ့သည်မှာ နှစ် ၂၀ ကွာခြားခဲ့သလို ဒုတိယနှင့် တတိယအကြိမ် ချန်ပီယံဖြစ်မှုမှာလည်း ၁၆ နှစ် ကွာခြားခဲ့သည်။ ယခု ၂၀၀၆ ခုနှစ်သည် စတုတ္ထအကြိမ် ဗိုလ်စွဲရန် တတိယအကြိမ် ချန်ပီယံဖြစ်ခဲ့သည့် နှစ်နှင့် ၁၆ နှစ် ကွာခြားနေခဲ့ရာ အချိန်ကာလအကွာအဝေးလည်း အချိုးကျလျက်ရှိနေသည်မှာ ဂျာမနီတို့ ကမ္ဘာ့ဖလားရရေး ကြိုးစားအားထုတ်မှုနှင့် စိတ်ဓာတ်ကို မြှင့်တင်ပေးသကဲ့သို့ ဖြစ်နေသည်။



ပိုလန်အသင်း နည်းပြ ပါဝယ်လ်လန်းနက်စ်။
(ဓာတ်ပုံ-အင်တာနက်)



ပိုလန် အသင်းအတွက် အားထားရမည့် တိုက်စစ်မှူး ဇူရောစကီး။
(ဓာတ်ပုံ-အင်တာနက်)

အနိုင်ရရန်မလွယ်

ပြိုင်ပွဲဝင် ဂျာမနီအသင်း၌ လူငယ်အများစုပါဝင်ပြီး တိုက်စစ်အရှိန်မြင့် အမြန်ကစားနည်း စနစ်ကို ကျင့်သုံးမည်ဖြစ်ရာ နည်းပြသစ် ကလင်းစမန်းက အိမ်ရှင်ဂျာမနီတို့ ဗိုလ်စွဲရမည်ဟု ကြုံးဝါးထားသည်။ အုပ်စု(က)၌ ကမ္ဘာ့ဖလားချန်ပီယံ သုံးကြိမ်နှင့် ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားပွဲ၌ ဒုတိယရရှိထားသော ဂျာမနီတို့ကို ကော့စတာရီကာ၊ ပိုလန်နှင့် အီကွေဒေါတို့ အနိုင်ရရန် မလွယ်ပါချေ။

ဂျာမနီ ကွင်းလယ် ကစားသမား လူငယ်ခြေတက်ဘက်စ်တီယန်ရှဝိန်းစတိန်ဂါနှင့် တိုက်စစ်မှူး မိုက်ကယ်ဘောလက်တို့ကဲ့သို့ အဆင့်အတန်းမြင့်မားပြီး ဂိုးသွင်းစွမ်းရည်ထက်မြက်သည့် ကစားသမားများကြောင့် အုပ်စု(က)၌ ဂျာမနီတို့ အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့်တက်ရောက်နိုင်မည် ဖြစ်သည်။

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

အသည်းအသန်ရုန်းကန်

ကွန်ကာကက်ဖ်ဇုန်မှ အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်လာသော ကော့စတာရီကာတို့ အမြင့်ဆုံးကမ္ဘာ့ဖလား

ဂျာမနီအသင်းမှ နာမည်ကျော် မိုက်ကယ်ဘောလက်။
(ဓာတ်ပုံ-အင်တာနက်)

ပွဲရလဒ်မှာ ၁၉၉၀ပြည့်၌ အုပ်စုဒုတိယ အဆင့်အထိသာရှိခဲ့ရာ လက်ရှိခြေစွမ်းဖြင့် ဂျာမနီ၊ ပိုလန်နှင့် အီကွေဒေါတို့ကို နိုင်ရန်မလွယ်ချေ။ နည်းပြသုံးဦးအထိ အပြောင်းအလဲ များနေပြီး ကစားကွက်တည်ငြိမ်မှု မရှိသဖြင့် ခြေစစ်ပွဲအောင်ရန်ပင် အသည်းအသန်ရုန်းကန်ခဲ့ရသည်ဖြစ်ရာ ကော့စတာရီကာတို့ ဂျာမနီနှင့် ပိုလန်တို့ကိုကျော်လွှားပြီး အုပ်စုမှတက်ရန် မလွယ်ချေ။

နှစ်ပွဲရှုံး ရှစ်ပွဲနိုင်

အုပ်စု(က)၌ အုပ်စုမှ တက်ရန် ရေပန်းစားနေသည့်အသင်းမှာ ပိုလန်ဖြစ်သည်။ ဥရောပဇုန် အုပ်စု(စ)၌ ဒုတိယနေရာမှ ခြေစစ်ပွဲအောင်လာပြီး ကမ္ဘာ့ဖလားသမိုင်းတွင် ၁၉၇၄ နှင့် ၁၉၈၂ခုနှစ်တို့၌ တတိယရရှိခဲ့ဖူးသည့် မှတ်တမ်းရှိနေသည်။ ၁၉၇၄ခုနှစ်က တတိယရရှိခဲ့သည့် အောင်မြင်မှုမှာ ဂျာမနီနိုင်ငံ မြူးနစ်ကွင်း၌ ဖြစ်ရာ ဂျာမနီမြေသည် ပိုလန်တို့အတွက် အောင်မြေဖြစ်သည်။ ခြေစစ်ပွဲတစ်လျှောက် အင်္ဂလန်၊ ဩစတြီးယား နှင့် ဝေးလ်စ်အသင်းများကဲ့သို့ အသင်းကျပ်များနှင့် ကစားခဲ့ရသော်လည်း နှစ်ပွဲသာရှုံးပြီး ရှစ်ပွဲတိတိ အနိုင်ရခဲ့ရာ ပိုလန်ခြေစွမ်းကို လျှော့တွက်၍ မရချေ။

ဂျာမနီ နည်းပြ

ဂျာမနီ အသင်းနည်းပြ ကလင်းစမန်း။
(ဓာတ်ပုံ-အင်တာနက်)

ထပ်ဆင့်ပေး

ယခုကမ္ဘာ့ဖလားပွဲသည် ပိုလန်အသင်းအတွက် ခုနစ်ကြိမ်မြောက် ကမ္ဘာ့ဖလား ပြိုင်ပွဲဖြစ်ရာ လူငယ်မျိုးဆက်သစ်ဘောလုံးသမားများနှင့် ဝါရင့်သမ္ဘာရင့် ကွင်းလယ် တိုက်စစ်ကစားသမား ဇူရောစကီးတို့လို အတွေ့အကြုံရင့်ကျက်သူများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် ပိုလန်တို့အုပ်စု(က)၌ အုပ်စုပထမ သို့မဟုတ် ဒုတိယနေရာမှတက်ရန် အလေးသာနေသည်။ ပိုလန်နည်းပြ ပါဝယ်လ်လန်းနက်စ်က မြူးနစ်ကွင်း၌ ပိုလန်တို့အောင်မြင်မှုကို ရယူမည်ဟု ပြောကြားထားရာ အုပ်စုမှတက်ရန် ရေပန်းစားမှုကို ထပ်ဆင့်ပေးသလို ဖြစ်နေသည်။

လိုအပ်ချက်များရှိ

အုပ်စု(က)၌ ပါဝင်သည့် အီကွေဒေါတို့ တောင်အမေရိကဇုန်မှ အုပ်စုတတိယဖြင့် ခြေစစ်ပွဲအောင်လာသော်လည်း ကမ္ဘာ့ဖလား အတွေ့အကြုံနုသေးသည့်အသင်းဖြစ်သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှ စတင်ဝင်ရောက်ကစားခဲ့သည့် အသင်းဖြစ်ပြီး အုပ်စုမှပင် ထွက်ခဲ့ရသည်။ ခြေစစ်ပွဲ၌ ဘရာဇီးအသင်းကို အနိုင်ကစားနိုင်ခဲ့သော်လည်း ကမ္ဘာ့ဖလားအဆင့်၌ တန်းမမီသေးသည့် အသင်းဖြစ်သည်။ နည်းပြ လူးဝစ်ဆွာရက်စ်က အုပ်စုမှ ကျော်လွှားပြမည်ဟု ပြောကြားထားသော်လည်း အသင်းကြီးများကို အကျပ်အတည်း ဖြစ်နိုင်ရုံကလွဲ၍ ရလဒ်ကို သိသာစွာ ပြောင်းလဲနိုင်ရန် လိုအပ်ချက်များရှိနေဆဲဖြစ်ရာ အုပ်စုအဆင့်၌ပင် ကျေနပ်ရမည့် အနေအထား၌ ရှိနေပေသည်။ ။

(အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ဘရာဇီးအသင်း နောက်ခံလူ စီဆန်ဟို။



ကာဖူးနေရာကို မိမိလုမည်မဟုတ် ဘရာဇီးနောက်ခံလူ စီဆန်ဟိုပြောကြား

ဘာလင် မေ ၃၁

ဘရာဇီးအသင်းခေါင်းဆောင် ကာဖူးခေါင်းဆောင်သော ဘရာဇီးအသင်း၌ နောက်တန်းခံစစ်မှူးအဖြစ် စီဆန်ဟိုကို ထပ်မံရွေးချယ်ရာ မိမိအနေဖြင့် ကာဖူး၏နေရာကို လုယူမည်မဟုတ်ကြောင်း စီဆန်ဟိုက ပြောကြားလိုက်သည်။

ကမ္ဘာ့ဖလားဘောလုံးပွဲကို ယခုအကြိမ်နှင့်ဆိုလျှင် လေးကြိမ်ပါဝင်ဆင်နွှဲမည့် ကမ္ဘာကျော် ဘရာဇီးနောက်တန်း ခံစစ်မှူးကာဖူးက **"လူငယ်များကို နေရာပေးရမည်ဖြစ်ကြောင်း၊ မိမိထက် ပိုတော်သော ဘောလုံးသမားများ ရှိကြောင်း၊ စီဆန်ဟိုသည် လူတော်တစ်ဦးဖြစ်ကြောင်း၊ မိမိအတွက် ပြဿနာမရှိကြောင်း"** ပြောကြားသည်။

ချန်ပီယံဆုကာကွယ်နိုင်မည်

စီဆန်ဟိုက ကာဖူးသည် ပထမကစားသမားအဖြစ် ပါဝင် ကစားမည်ဖြစ်ရာ မိမိအနေဖြင့် အခွင့်အရေးရလျှင် ကြိုးစားကစားသွားရန်သာ ရှိကြောင်း၊ ကာဖူးကို မိမိလေးစားကြောင်း၊ မိမိအနေဖြင့် ကာဖူးအား တစ်စုံတစ်ရာ ထိခိုက်စကား ပြောဆိုမှုနှင့် အပြုအမူများ ပြုလုပ်မည်မဟုတ်ကြောင်း၊ ဝါရင့် ဘောလုံးသမားများနှင့် တွဲဖက်ဖွဲ့စည်းထားသည့် မိမိတို့ ဘရာဇီးဘောလုံးအသင်း ကမ္ဘာ့ဖလားချန်ပီယံဆုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အခက်အခဲကြုံတွေ့နေ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အကျော်အမော် ဘောလုံးသမားများ အများစုပါဝင်သော ဘရာဇီးအသင်းအတွက် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ နေရာတစ်နေရာ ကစားခွင့်ရရန် အခက်အခဲ ကြုံတွေ့နေရသည်။

(သည်စထရိတ်တိုင်းမ်)

ကာဖူး

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် လက်ရှိချန်ပီယံ ဘရာဇီးအသင်းခေါင်းဆောင် ကာဖူး။

ပြင်ပအပ်နှံလုပ်ငန်းများ ဆောင်ရွက်ပေးမည်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ၁–၆–၂၀၀၆ ရက်မှစ၍ အောက်ပါလုပ်ငန်းများကိုအပ်နှံလာပါက အရည်အသွေးမီ၊ အချိန်မီ ဆောင်ရွက်ပေးပါမည်–

၁။ ဗလာစာအုပ်ပုံနှိပ်လုပ်ငန်း

၂။ အရောင်ခွဲ (Colour Separation) လုပ်ငန်းနှင့် ဖလင်လုပ်ငန်း

၃။ ရောင်စုံပုံနှိပ်လုပ်ငန်း

၄။ အဖြူ အမည်းပုံနှိပ်လုပ်ငန်း

အသေးစိတ်သိလိုသောအချက်များကို အမှတ် ၂၂၈၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်စီစဉ်ရေးဌာန (ရုံးဖုန်း–၂၅၁၈၆၁၊ ၂၅၁၉၀၇)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း။



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗ/၆၀၃၊ Citroen Bx 16TRS. Sil (4 x 2) L ယာဉ်လက်ဝယ်ရှိသူ အမည် ဦးပြည့်စုံထွန်း မှတ်ပုံတင်အမှတ် ၉/ခအဇ(နိုင်)၀၀၀၈၈၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း)မန္တလေးမြို့။

တောတောင်ရယ် သာစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်၊ လစာကို မြန်မာကျပ်ငွေဖြင့် ထိုက်ထိုက်တန်တန် ပေးမည်။)

၁။	စုပါ (Supervisor)	(မ)	၅ ဦး
၂။	လီဒါ (Leader)	(မ)	၁၂ ဦး

အထက်ပါ ရာထူးများအတွက် အုပ်ချုပ်မှုအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။ စိတ်ဝင်စားသူများသည် **အေဝမ်းအထည်ချုပ်ကုမ္ပဏီ အမှတ် ၁၈၊ ဗိုလ်တေဇလမ်း၊ ရန်ကုန်စက်မှုဇုန် (ရွှေပေါက်ကံစက်မှုဇုန်နှင့်ကပ်လျက်)၊ မြောက်ဥက္ကလာပ**သို့ လူကိုယ်တိုင်လာရောက်၍ ဓာတ်ပုံသုံးပုံ၊ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ အထောက်အထား အပြည့်အစုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ဤကုမ္ပဏီ၏ရုံးချုပ်နှင့် Project site များတွင်တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အမြန်အလိုရှိသည်။

1.	**Engineer**	
	B.E (Mechanical)	ကျား–၂ဦး
	B.E (Electrical Power)	ကျား–၂ဦး
	B.E (Mechanical Power)	ကျား–၂ဦး
2.	**Assistant Engineer**	
	A.G.T.I (Mechanical)	ကျား–၂ဦး
	A.G.T.I (Electrical Power)	ကျား–၂ဦး
	A.G.T.I (Mechanical Power)	ကျား–၂ဦး
3.	**Driver**	ကျား–၂ဦး

အမှတ်စဉ်(၁)နှင့်(၂)အတွက် အင်္ဂလိပ်စကား ပြောဆိုဆက်သွယ်နိုင်ရမည်။ အသက်(၄၀)အောက်၊ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၃)အတွက် လိုင်စင်အနီသက်တမ်း သုံးနှစ်နှင့်အထက်ရှိသူ အသက် ၃၀နှင့် ၄၅နှစ်ကြားဖြစ်ရမည်။ ကားကြီးမောင်းနှင်နိုင်၍ နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးမှတ်တမ်းနှင့်အတူ ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာမူရင်းများနှင့် ပူးတွဲလျက် နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

7/B၊ တော်ဝင်လမ်း၊ ကိုးမိုင်၊ မရမ်းကုန်း၊ ရန်ကုန်မြို့။

ဖုန်း–၀၁–၆၅၁၈၈၈၊ ၆၅၁၉၉၉။

ဥက္ကလာပစေတီတော် စိန်ဖူးတော်အသစ် ငှက်မြတ်နားတော်တင်လှူပူဇော်မည်

ရန်ကုန် မေ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီး၏ ထီးတော်မှခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသက်န်းကပ်လှူပူဇော်ခြင်း ပြီးမြောက်အောင်မြင်မှုရေစက်ချလှူဒါန်းပွဲ၊ စိန်ဖူးတော်အသစ်နှင့်ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားကို (နယုန်လဆန်း ၇ရက်) ဇွန် ၂ရက် (သောကြာနေ့) နံနက် ၇နာရီတွင် မဟာမုနိဓမ္မာရုံကြီးနှင့် စေတီတော်ရင်ပြင်မင်္ဂလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကြွရောက်ကြည်ညိုဖူးမြော်နိုင်ကြောင်းသိရသည်။ (၂၀၀)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် ယုဇနတာဝါ အမှတ် ၅၀၅နေ ဒေါက်တာသန်းနိုင်ဦး–ဒေါက်တာပပဝင်းစိုး သား မောင်ထွင့်ခေါင်ဦး၊ သမီး မရှင်မင်းသူ မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊အင်းအိုင်များတွင် ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်းရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသော ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊၄၅ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဘားအံ စစ်မှုထမ်းဟောင်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်

ဘားအံ မေ ၂၂

ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့သည် ၂၀၀၆-၂၀၀၇ ခုပညာသင်နှစ်အတွက် မြို့နယ်စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၅ ရက်က ဘားအံမြို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကရင်ပြည်နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်မော်မော်နှင့် အဖွဲ့ဝင်များ၊ ဘားအံခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော့ကရိတ်ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အောင်မော်မော်က မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေ တစ်မြို့နယ်လျှင် နှစ်သိန်းနှုန်းဖြင့် ခုနစ်မြို့နယ်အတွက် ထောက်ပံ့ငွေ ကျပ် ၁၄ သိန်းကို ခရိုင်အလိုက်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ရွှေဘိုမြို့၌ ကလေးများဘက်စုံဖွံ့ဖြိုးရေး ဆရာမများသင်ကြားမှု အထောက်အကူပြု လက်မှုပြိုင်

ရွှေဘို မေ ၁၆

စစ်ကိုင်းတိုင်း ရွှေဘိုမြို့မူလတန်းကြိုကျောင်းခန်းမ၌ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာမများသင်ကြားမှု အထောက်အကူပြုလက်မှုပြိုင်ပွဲကိုမေ ၁၁ရက် မွန်းလွဲ ၂နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝေ၊ တိုင်းလူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိဘဆရာအသင်းအမှုဆောင်များနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

အဆိုပါအခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်လှဲ့လှဲ့ဝေက ကျောင်းအုပ်ဆရာမကြီးဒေါ်ရီရီခိုင်အား ဂုဏ်ပြုဆုချီးမြှင့်အပ်နှင်းကြောင်း သိရသည်။ **(အပေါ်ယာပုံ) (ခရိုင် ပြန်/ဆက်)**

ပခုက္ကူမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

ပခုက္ကူ မေ ၂၈

၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် မကွေးတိုင်း ပခုက္ကူမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက်က ပခုက္ကူမြို့ မြို့မလမ်း လွတ်လပ်ရေးပန်းခြံ မြောက်ဘက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း လက်ထောက်ပညာရေးမှူး(စစ်ဆေးရေး) ဦးစိုးနိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးသောင်းအေးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ) (၄၁၃)**

မော်လမြိုင်မြို့နယ်အသင်းနာယက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(ငြိမ်း) ဒုတိယဗိုလ်မှူးကြီးလှတင်(ငြိမ်း)အား ရည်စူး၍ ဒေါ်ရီရီတင် မိသားစုက မော်လမြိုင်မြို့ တောင်ပိုင်း ဘိုးဘွားရိပ်သာအတွက် မေ ၂၆ ရက်က အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွေးလေးနှင့် အမှုဆောင်များက လက်ခံယူစဉ်။ (၁၆၈)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ

တောင်ငူ မေ ၂၆

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ပန်းချီ၊ ပိုစတာ(ခရိုင်အဆင့်) ပြိုင်ပွဲကို မေ ၂၀ ရက်နှင့် ၂၁ ရက်က တောင်ငူမြို့ ခပေါင်းခန်းမနှင့် တောင်ငူ ပညာရေးကောလိပ် ကွန်ပျူတာခန်းမများ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ တောင်ငူခရိုင် ခြောက်မြို့နယ်ဖြစ်သော တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် သံတောင်မြို့နယ်များမှ ကျောင်းသား ကျောင်းသူများ၊ အလွတ်တန်းဝါသနာရှင်နှင့် ပညာရှင်များပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပန်းချီ ၆၂ဦး၊ ကာတွန်း ၄၃ ဦး၊ ပိုစတာ လေးဦး၊ ကွန်ပျူတာပိုစတာ နှစ်ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲအခမ်းအနားသို့ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းအောင် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ရဲ ရဲမှူး (ဦးစီး)ရဲမှူး ဘိုးရီက ပြိုင်ပွဲများနှင့် ပတ်သက်၍ ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းဖတ်ကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း(၇)ရက်
၂-၆-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (စက်မှုစားကုန်အတွက် သန့်ရှင်းရေး အရေးပါမှုအကြောင်း) (အပိုင်း-၂)
- ၁၁း၃၅ သုတကမ္ဘာ
- ၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ဆေးလိပ်ဆေးရွက် ဆွဲဆောင်အား အသက်အန္တရာယ်သတိထား)
- ၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (နှုတ်ဆက်ချိန်)

ညနေပိုင်း

- ၁၆း၁၀ ရာသီခါမီ တေးပန်းချီ
  - (၁) မျက်နှာမဲကြီး ငိုသောခါ
  - (၂) ချစ်သောမိုး
  - (၃) မိုးသက်လေနှင်
- ၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
  - (၁) အနန္တဂိုဏ်းဝင်ကျေးဇူးရှင် (ခေါင်းကြီး)
  - (၂) ပန်းပုံပြင် (ဆောင်းပါး)
- ၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ရိုးရိုးလေးနဲ့ဆန်း)
- ၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (သတိပြုစရာ စားခလေ့-မောင်ဆုရှင်)
- ၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (သစ္စာပန်းကာလပေါ်)
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) လမင်းမှာဆုံမယ်
  - (၂) မေတ္တာပုလဲပန်းများ သီကြရာဝယ်
  - (၃) ချစ်ဆိပ်ရည်

မြို့နယ်သတင်းများ

စစ်တွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းဖွင့်လှစ်သော နွေရာသီအခြေခံစက်ချုပ်သင်တန်းကို မတ် ၂၄ ရက်က ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးတွင်ကျင်းပရာ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးကြည်တို့က စက်ချုပ်သင်တန်းကို ကြည့်ရှုအားပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချေးငွေထုတ်ချေး

ဆားလင်းကြီး မေ ၁၇

ဆားလင်းကြီးမြို့နယ် နှောကူးတို့အုပ်စု သံလျက်ကိုင်းကျေးရွာ ပြည်သူများလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်ချေးငွေထုတ်ချေးပေးခြင်းလုပ်ငန်းကို မေ ၁၀ရက် နံနက် ၁၀နာရီက သံလျက်ကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင် စာရင်းစစ်အရာရှိ ဦးသောင်းလွင်သန်း၊ ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးသန်းလှိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးမြအေးကျော်၊ မြို့နယ်စာရင်းစစ်အရာရှိ ဒေါ်သီတာ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအုံးမြင့်၊မြို့နယ် စိုက်ပျိုးရေးမန်နေဂျာဦးမျိုးကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဦးချိုချိုအောင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးတင်စိုးတို့က ကျေးလက်ပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် ဟောပြောကြသည်။

ထို့နောက်သံလျက်ကိုင်းကျေးရွာ၌ အိမ်ထောင်စု (၄၈)စုအား ဒုတိယအကြိမ်အဖြစ် ငွေကျပ် ၁၉၇၀၀၀၀ ကို စနစ်တကျထုတ်ချေးပေးကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့၌ ဒုတိယအကြိမ်မြောက် အသက်(၁၆)နှစ်အောက် လူငယ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၇ရက်က ပြွန်တန်ဆာမြို့အားကစားကွင်း၌ ကျင်းပရာ ဗိုလ်စွဲသွားသော မြို့မ(၃) အသင်းကို ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒိုင်လူကြီး ဦးဇေယျာထွန်းတို့က ဒိုင်းဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်မြို့ အမှတ် ၉၀/၃၈ လမ်း အောက်လမ်းနေ ဒေးဗစ်ခေါ့-ဟယ်လင်ခေါ့ မိသားစုတို့က ရော ၀တီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေဘုရား စေတီရံတစ်ဆူအတွက် အလှူငွေ ကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။

(က-ပ)

စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး စာအုပ်မျိုးစုံလှူဒါန်းပွဲ ကလေးမြို့၌ကျင်းပ

ကလေး မေ ၂၉

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက် ရေရှည်ရှင်သန် ဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မေ၂၅ရက်က ကလေးမြို့နယ် ပျဉ်းခုံကြီးအုပ်စု အောင်မြင်သာကျေးရွာ စံအလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်လွင်က စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး၊ စာကြည့်တိုက် အင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ရေး၊ ကျေးရွာစာကြည့်တိုက် တာဝန်ခံများအား လုပ်ငန်းကျွမ်းကျင်မှုရှိရေးတို့ကို ဆွေးနွေးဟောပြောပြီး ရုပ်သံကျွမ်းကျင်-၃ ဦးကျင်ဆောမ်ထွေးက စာအုပ်များ စုဆောင်းခြင်း၊ မျိုးတူစုခွဲခြားခြင်းနှင့် စနစ်တကျ ငှားရမ်းခြင်းများကို ဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စံအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သုတ၊ ရသစာအုပ်မျိုးစုံ ၂၅အုပ်နှင့် ကျေးရွာအလှူရှင်များက စာအုပ်မျိုးစုံအုပ် ၅၀၀ကို ဦးစီးအရာရှိ ဦးတင်မောင်လွင်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံညွန့်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ **(၄၁၇)**

အမြို့မြို့ အနယ်နယ် သတင်းများ

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် ဒလမြို့၌ ရည်ရွယ်ချက်ရှင်း၊စာအုပ်များလှူဒါန်း

ဒလ မေ ၂၉

ဒလမြို့နယ် အောင်မင်္ဂလာရပ်ကွက်တွင် မေ ၂၈ရက် နံနက် ၉နာရီက အလင်းစေတမန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းထွန်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်ဦးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရပ်ကွက်စေတနာရှင်ပြည်သူများက စာအုပ်စာစောင် စုစုပေါင်း ၇၀၀ ကျော်ကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကချင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မေ ၉ရက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေ အမှာစကားပြောကြားစဉ်။

(က-ပ)

ချောင်းဦးမြို့မဈေး၌ အလေးချိန်ခွင်မှန်ရေး ကွင်းဆင်းစစ်ဆေး

ချောင်းဦး မေ ၈

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် မြို့မဈေးတာဝန်ခံတို့ ဦးဆောင်ကြီးကြပ်၍ မေ ၃ ရက်က မြို့မဈေးတွင် အသားငါးများ ဈေးနှုန်းမှန်ကန်စွာရောင်းချရေး၊ အလေးချိန်ခွင်မှန်ကန်စွာရောင်းချရေး ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းလတ်ဆတ်သည့် သားငါးနှင့် သီးနှံများရောင်းချရေး ပြောကြားခဲ့ကြောင်းသိရသည်။

(မြို့နယ် စည်ပင်)

စာအုပ်မျိုးစုံနှင့် ဂျာနယ်များလှူဒါန်း

ကောလင်း မေ ၂၀

ကောလင်းမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စတုတ္ထအကြိမ်စာပေညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် စာအုပ်၊ဂျာနယ်နှင့်သတင်းစာများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၂ ရက်က မြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စာပေ နှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက မြို့နယ်အတွင်းရှိ ကျေးလက် စာကြည့်တိုက်များသို့ စာအုပ်၊ဂျာနယ်၊ သတင်းစာများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြော ကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် ခင်မို့မို့ စာပေက သုတ ရသစာအုပ် ၂၀၀၊ ဂျာနယ်အစောင် ၂၄၀၀ကို လည်းကောင်း၊ ကြယ်စင်စာပေက သုတ ရသ စာအုပ် ၁၃၂ အုပ်နှင့် ဂျာနယ် ၁၄၆၃ စောင်ကိုလည်းကောင်း၊ မန္တလေးမြို့ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ငွေမိသားစုက သုတရသ စာအုပ် ၈၁ အုပ်၊ ဂျာနယ် ၄၉၃စောင်ကိုလည်းကောင်း၊ ကောလင်းမြို့ မြို့မရပ် ဦးတင်အောင်-ဒေါ်မြင့်မြင့်ငွေး(ရွှေကျီးသာစတိုး)က သုတရသ စာအုပ် ၈၀၊ ဂျာနယ်အစောင် ၃၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က လက်ခံယူကြောင်း သိရသည်။ **(၀၂၆)**

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၏ ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀ ပျိုးထောင်ထားရှိမှုနှင့် မြေချစိုက်ပျိုးမှုကို မေ ၂၅ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ် စည်ပင်)

ကောင်းရိပ်သာလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းသို့ အဝတ်အထည်နှင့် သင်ထောက်ကူပစ္စည်းများလှူဒါန်း

ကန့်ဘလူ မေ ၂၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာအုပ်စု ဓိးပင်သာကျေးရွာရှိ ကောင်းရိပ်သာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းသို့ စစ်ကိုင်းတိုင်း လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်၊ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သန်းနှင့်အဖွဲ့ မေ၁၂ရက်က ရောက်ရှိကြပြီး ဦးစီးနာယက ဆရာတော် ဦးသုန္ဒရနှင့် ဦးဆောင် ကော်မတီများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လူငယ်များပညာသင်ကြားရေး၊စားဝတ်နေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေတို့ကို လေ့လာကြသည်။

တိုင်းဦးစီးမှူးနှင့် အဖွဲ့သည် ကောင်းရိပ်သာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်း စာသင်ဆောင်၊ အိပ်ဆောင်၊ စားဖိုချောင်(ဆောင်)နှင့် သောက်ရေသုံးရေ(အိမ်သာ) စသည်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

အဆိုပါကျောင်းတွင် အခြေအနေမဲ့နှင့် မိဘမဲ့ကလေးငယ် ၄၆ဦးတို့အား ဆရာတော်ဦးသုန္ဒရနှင့်အဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ထားပြီး ပညာသင်ကြားပေးလျက်ရှိရာ စေတနာရှင် ပြည်သူတို့က ဆန်၊ ဆီ၊ အဝတ်အထည်နှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းကြကြောင်း သိရသည်။ **(၀၅၆)**

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ဂန့်ဂေါ မေ ၁၅

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်နှင့် ဝန်ထမ်းများ၊ ဂန့်ဂေါမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများသည် မေ ၁၁ ရက်က ထပ်ဆင့်လွှင့်စက်ရုံ ပတ်ဝန်းကျင် မြေနှစ်ဧက၌ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြသည်။

(၂၇၃)

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေနှင့် အဖွဲ့ဝန်ထမ်းများ မေ ၁၄ ရက်က မြို့သာယာ လှပရေးလုပ်ငန်းဖြစ်သော လမ်းဘေး ဝဲယာ သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှ ပြုပြင်ခြင်းကို စုပေါင်း ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

1-6 (16).p65 1 1/3/32, 1:28 PM

ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပ လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆု ရရှိသူများအား ဆုချီးမြှင့်

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းကျန်းမာရေးကော်မတီနှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းမိခင် နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင် မိခင်နှင့်ကလေး ***စာမျက်နှာ ၃ ကော်လံ ၁*** ■

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(ဇွန် ၁ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့်စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့်အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး၊ ရောဂါများကို ကာကွယ်နိုင်သည်။
၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှုကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။

သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်းနေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အားကစားဝန်ကြီးဌာန

အန္တရာယ်ရှိဆေးလိပ်သောက်ခြင်း ရှောင်ကြဉ်သင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ် ညွှန်းဆိုတိုက်တွန်း

ရန်ကုန် မေ ၃၁

နယ်မြေသစ်ရှာဖွေသူ ဥရောပတိုက်သား ကိုလံဘတ်စ်သည် ခရစ်သက္ကရာဇ် ၁၄၉၂ ခုနှစ်တွင် အမေရိကတိုက်ရှိ ဗဟားမားကျွန်းသို့ ရောက်ရှိသောအခါ ကျွန်းနေ လူရိုင်းများသည် သစ်ရွက်တစ်မျိုးကို မီးရှို့၍ ရှူရှိုက်နေကြောင်း တွေ့ရှိချက်သည် ဆေးလိပ်သမိုင်း၏ ခြေရာအစပင်ဖြစ်သည်။

စတင်ရောက်ရှိ

ကိုလံဘတ်စ်သည် ထိုကျွန်းမှ လူရိုင်းခေါင်းဆောင်ပေးသော အရွက်အချို့ကို သယ်ဆောင်လာခြင်းဖြင့် ဥရောပတိုက်သို့ ဆေးရွက်ကြီး စတင်ရောက်ရှိခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

သတင်းမြင်ကွင်း မြင့်မောင်စိုး
ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ သဝဏ်လွှာကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့် ဖတ်ကြားစဉ်။

ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

လက်ဖြင့် လိပ်သောက်သည့် စီးကရက်ဆေးလိပ် အန္တရာယ် ပိုမိုများပြားဟုဆို

လန်ဒန် မေ ၃၁

စက်ရုံထုတ်စီးကရက်များထက် လက်ဖြင့်လိပ်၍သောက်သည့်ဆေးလိပ်၊ စီးကရက်က ပိုမိုအန္တရာယ်များပြားသည်ဟူ၍ ဆေးလိပ်သောက်သူ လေးဦးလျှင် တစ်ဦးက ထင်မြင်ယူဆနေကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်အရ သိရသည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ●

ပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်များသည် ပြည်သူလူထုအား လျစ်လျူရှုလူတစ်စု၏သဘောဆန္ဒအလျောက် အမျိုးသားညီလာခံမှထွက်ခွာခဲ့ ပါတီဝင်အဖြစ် လုံးဝဆက်လက်ရပ်တည်လိုစိတ် မရှိတော့သည့်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ NLD ပါတီဝင် သုံးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်နယ်စိစစ်ရေးအဖွဲ့ခွဲ(၃) အဖွဲ့ဝင် ဦးတင်အောင်၊ တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမောင်တို့ သုံးဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ မေ ၈ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြား နုတ်ထွက်ခဲ့ကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ❐